Open Myanmar Initiative


လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်
စက်တင်ဘာ ၂၀၁၄

လွှတ်တော်စောင့်ကြည့်လေ့လာရေး **အစီရင်ခံစာ အမှတ် (၃)**

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

## (သတ္တမအကြိမ်မှ နဝမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း မေးခွန်းများနှင့် အဆိုများ လေ့လာချက်)

ပထမအကြိမ်မှ
နဝမအကြိမ်ထိ
ပုံမှန်အစည်းအဝေးများအတွင်း
မေးခွန်းများနှင့် အဆိုများကို
နှိုင်းယှဉ်လေ့လာချက်များ
ပါဝင်သည်။



လွှတ်တော်စောင့်ကြည့်လေ့လာရေး

အစီရင်ခံစာ အမှတ် (၃)

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

## (သတ္တမအကြိမ်မှ နဝမအကြိမ်ထိ မေးခွန်းများနှင့် အဆိုများ လေ့လာချက်)

---

လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်၊ ပွင့်လင်းမြန်မာ့ရှေ့ဆောင်

Open Myanmar Initiative

အမှတ် ၈၂၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်၊
၉ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၅၃၄၀၈၀၊ အီးမေးလ်လိပ်စာ - research@omimyanmar.org

**မျက်နှာဖုံးဒီဇိုင်းဖွင့်ဆိုချက်**

မျက်နှာဖုံးပါ သရုပ်ဖော်ပုံတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များတွင် ပထမအကြိမ် ပုံမှန် အစည်းအဝေးများမှ နဝမအကြိမ် ပုံမှန်အစည်းအဝေးများအထိ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး တစ်ရက်ပျမ်းမျှ မေးခွန်း မေးမြန်းနိုင်မှုနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး တစ်ရက်ပျမ်းမျှအဆို တင်သွင်းနိုင်မှုတို့ကို ဂရပ်ပုံဖြင့် ဖန်တီးဖော်ပြထားခြင်း ဖြစ်ပါသည်။

**အချက်အလက် ကောက်ယူသူများ -**

ရာဇာ၊ ထက်ပိုင်၊ နေသက်သက်နွေး၊ မြတ်မင်းခန့်၊

ကျော်ဇောဦး၊ ဝင်းဝင်းအေး၊ မြတ်ဆုအောင်

**သုတေသနပြုလုပ်သူများ -**

ရဲမင်း၊ လှမျိုးကျော်

**အစီရင်ခံစာပြုစုသူများ -**

ဇခိုင်၊ ထင်ကျော်အေး

# မာတိကာ


**အဓိကတွေ့ရှိချက်များ** ........ ၅
**အခန်း(၁) နိဒါန်း** ........ ၉
၁.၁.၀ ။ သုတေသနရည်ရွယ်ချက် ........ ၉
၁.၂.၀ ။ နည်းနာဗေဒ ........ ၉
၁.၂.၁ ။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု ........ ၁၀
၁.၃.၀။ လေ့လာမှု အတိုင်းအတာ ........ ၁၄

**အခန်း (၂) နောက်ခံအချက်အလက်များ** ........ ၁၅
၂.၁.၀။ ပြည်သူ့လွှတ်တော် ........ ၁၅
၂.၁.၁။ ပြည်သူ့လွှတ်တော်၌ ပါတီများ ပါဝင်မှု ........ ၁၆
၂.၁.၂။ ပြည်သူ့လွှတ်တော်၌ ကျား-မ ပါဝင်မှု ........ ၁၇
၂.၁.၃။ ပြည်သူ့လွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု ........ ၁၇
၂.၁.၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ ........ ၁၇
၂.၁.၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင် ........ ၁၇
၂.၂.၀။ အမျိုးသားလွှတ်တော် ........ ၁၈
၂.၂.၁။ အမျိုးသားလွှတ်တော်၌ ပါတီများ ပါဝင်မှု ........ ၁၈
၂.၂.၂။ အမျိုးသားလွှတ်တော်၌ ကျား-မ ပါဝင်မှု ........ ၁၈
၂.၂.၃။ အမျိုးသားလွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်မှု ........ ၁၉
၂.၂.၄။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ ........ ၁၉
၂.၂.၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင် ........ ၁၉

**အခန်း (၃) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းတင်သွင်းသော မေးခွန်းနှင့် အဆိုများကို လေ့လာခြင်း** ........ ၂၁
၃.၁.၀။ ကြယ်ပွင့်ပြမေးခွန်းများကို လေ့လာခြင်း ........ ၂၂
၃.၁.၁။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း ........ ၂၂
၃.၁.၂။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း ........ ၂၃
၃.၁.၃။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း ........ ၂၃
၃.၁.၄။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း ........ ၂၄
၃.၁.၅။ ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း ........ ၂၅
၃.၁.၆။ ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း ........ ၂၆
၃.၁.၇။ ကြယ်ပွင့်ပြမေးခွန်းများအပေါ် တုံ့ပြန်မှုကို လေ့လာခြင်း ........ ၂၆
၃.၂.၀။ အဆိုများကို လေ့လာခြင်း ........ ၂၆
၃.၂.၁။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း ........ ၂၇
၃.၂.၂။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း ၂၇
၃.၂.၃။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း ........ ၂၇
၃.၂.၄။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသကို လေ့လာခြင်း ........ ၂၇
၃.၂.၅။ အဆိုများ၏ အကြောင်းအရာ/ကဏ္ဍကို လေ့လာခြင်း ........ ၂၈

၃.၂.၆။ အဆိုများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈
၃.၂.၇။ အဆိုများအပေါ် အဆုံးအဖြတ် လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈
၃.၂.၈။ အဆိုများကို ဆွေးနွေးမှုများအား လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . ၂၉

**အခန်း (၄) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းတင်သွင်းသော မေးခွန်းနှင့် အဆိုများကို လေ့လာခြင်း**. . . . . . . . . . . . . . . . . . . . . . ၃၁
၄.၁.၀။ ကြယ်ပွင့်ပြမေးခွန်းများကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၂
၄.၁.၁။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၂
၄.၁.၂။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၂
၄.၁.၃။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၃
၄.၁.၄။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၄
၄.၁.၅။ ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း. . . . . . . . . . . . . . . ၃၄
၄.၁.၆။ ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . ၃၅
၄.၁.၇။ ကြယ်ပွင့်ပြမေးခွန်းများအပေါ် တုံ့ပြန်မှုကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . ၃၆
၄.၂.၀။ အဆိုများကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၆
၄.၂.၁။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း. . . . . . ၃၆
၄.၂.၂။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း. ၃၆
၄.၂.၃။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၇
၄.၂.၄။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသကို လေ့လာခြင်း. . ၃၇
၄.၂.၅။ အဆိုများ၏ အကြောင်းအရာ/ကဏ္ဍကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . ၃၇
၄.၂.၆။ အဆိုများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၈
၄.၂.၇။ အဆိုများအပေါ် အဆုံးအဖြတ် လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၈
၄.၂.၈။ အဆိုများကို ဆွေးနွေးမှုများအား လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . ၃၉

**အခန်း (၅) ပထမအကြိမ်မှ နဂမအကြိမ်အတွင်း မေးမြန်းတင်သွင်းသော ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများကို လေ့လာခြင်း**. . . . . . . . . . . . . . . . . . . . . . . . ၄၁
၅.၁.၀။ ပထမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးထိ မေးခွန်းမေးမြန်းမှုကို လေ့လာခြင်း. . . . . . . ၄၁
၅.၂.၀။ ပထမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းမှုများကို လေ့လာခြင်း. . . . . ၄၃
၅.၃.၀။ ပထမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးထိ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု၊ မေးခွန်းမေးမြန်းမှုများကို လေ့လာခြင်း. . . . . . . . . . . . . . . . . . . . . . . . . ၄၅

**အခန်း (၆) အကြံပြုချက်များ**. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇

**ရည်ညွှန်းကိုးကားစာအုပ်များ**. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၀

## အဓိကတွေ့ရှိချက်များ

### ပြည်ထောင်စုလွှတ်တော်၏ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု

သတ္တမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးအတွင်း ပြည်ထောင်စုလွှတ်တော်တွင် မေးခွန်းမေးမြန်းမှု မတွေ့ရဘဲ အဋ္ဌမပုံမှန်အစည်းအဝေးတွင် အရေးကြီးအဆိုနှစ်ခုသာ တင်သွင်းကြောင်းတွေ့ရသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မအလိုက် မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု

သတ္တမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် လွှတ်တော်တွင်း ကိုယ်စားပြုမှု ငါးရာခိုင်နှုန်းရှိသည့် အမျိုးသမီး ကိုယ်စားလှယ်များသည် မေးခွန်းစုစုပေါင်း၏ ၈.၆ ရာခိုင်နှုန်းကို မေးမြန်းနိုင်ခဲ့သည်။ အမျိုးသားလွှတ်တော်တွင်မူ ကိုယ်စားပြုမှု ၁.၆ ရာခိုင်နှုန်းရှိသည့် အမျိုးသမီးကိုယ်စားလှယ်များသည် မေးခွန်းမေးမြန်းမှု မရှိခဲ့ကြောင်း တွေ့ရသည်။

ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်များသည် မေးခွန်းစုစုပေါင်း၏ ၆.၁ ရာခိုင်နှုန်းကို မေးမြန်းခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင်မူ အမျိုးသမီးကိုယ်စားလှယ်များသည် ၀.၆ ရာခိုင်နှုန်းမေးမြန်းနိုင်ခဲ့သည်။

### တိုင်းရင်းသားအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု

ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင်းကိုယ်စားပြုမှု အများဆုံးဖြစ်သည့်အားလျော်စွာ မေးခွန်းမေးမြန်းခြင်း အဆိုတင်သွင်းခြင်းတို့ကို ပိုမိုပြုလုပ်နိုင်ကြောင်းတွေ့ရသည်။ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်တွင် မေးခွန်း ၆၃.၆ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် ၆၃.၂ ရာခိုင်နှုန်း မေးမြန်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုမှုအားဖြင့် ၁.၄ ရာခိုင်နှုန်းရှိသော ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များသည် မေးခွန်း ၁၅.၄ ရာခိုင်နှုန်း မေးမြန်းနိုင်ခဲ့ပြီး ဒုတိယမေးခွန်းမေးမြန်းမှုအများဆုံး ဖြစ်လာသည်ကို တွေ့ရသည်။ အဆိုပါ ချင်းတိုင်းရင်းသားကိုယ်စားလှယ်များသည် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန် အစည်းအဝေး အတွင်း မေးခွန်း ၁.၉ ရာခိုင်နှုန်းသာ မေးမြန်းနိုင်ခဲ့ရာမှ သတ္တမပုံမှန်အစည်းအဝေးမှ နဂမပုံမှန် အစည်းအဝေးကာလအတွင်း ထိုသို့တိုးတက်မေးမြန်းမှုပြုလာခြင်းဖြစ်သည်။ ကျန်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုမှာ အပြောင်းအလဲ ကြီးကြီးမားမား မရှိခဲ့ပါ။

သတ္တမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ဗမာနှင့် ရှမ်း-ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်တွင် ဗမာ၊ ရခိုင်နှင့် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စား လှယ်များကသာ အဆိုတင်သွင်းမှု ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်နှစ်ရပ်လုံးတွင် အဆိုတင်သွင်းမှု အများဆုံးဖြစ်ခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ၈၃.၃ ရာခိုင်နှုန်းနှင့် အမျိုးသား လွှတ်တော်တွင် ၈၅ ရာခိုင်နှုန်း တင်သွင်းခဲ့ခြင်းဖြစ်သည်။

### ပါတီအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု

လွှတ်တော်နှစ်ရပ်လုံးတွင် USDP သည် မေးခွန်းမေးမြန်းမှုအများဆုံးနှင့် အဆိုတင်သွင်းမှုအများဆုံးဖြစ်ကြောင်း တွေ့ရသည်။ သတ္တမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပုံမှန်အစည်းအဝေးသုံးကြိမ်အတွင်း ဒုတိယမေးခွန်းမေးမြန်းသည့် ပါတီမှာ NLD ဖြစ်လာပြီး၊ အမျိုးသားလွှတ်တော်တွင် RNDP ဖြစ်လာသည်။ ပထမပုံမှန် အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ဒုတိယမေးခွန်းမေးမြန်းမှု အများဆုံး ဖြစ်ခဲ့သည့် NDF ပါတီ၏ မေးခွန်းမေးမြန်းမှုကိုမူ သတ္တမပုံမှန်အစည်းအဝေးမှ နဂမပုံမှန်အစည်းအဝေးအတွင်း မတွေ့ရှိရပေ။ အမျိုးသားလွှတ်တော်တွင် ချင်းပြည်နယ် အခြေစိုက်ပါတီနှစ်ခုဖြစ်သော CPP နှင့် CNP တို့သည် တတိယနှင့် စတုတ္ထနေရာ များတွင် ရှိနေကြောင်း တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် အစည်းအဝေးသုံးကြိမ်အတွင်း အဆိုတင်သွင်းမှု အများဆုံးပါတီများမှာ USDP နှင့် NDF တို့ဖြစ်ပြီး အဆို ၁၂ ခုအနက် လေးခုစီတင်သွင်းထားသည်။ အမျိုးသားလွှတ်တော်တွင် အစည်းအဝေးသုံးကြိမ်အတွင်း အဆို ၂၀တင်သွင်းရာ USDP က အဆို ၁၈ ခုတင်သွင်းခဲ့ပြီး၊ ကျန်နှစ်ခုကို ကော်မတီများက တင်သွင်းခဲ့ခြင်းဖြစ်သည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု**

ပြည်သူ့လွှတ်တော်တွင် ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးသုံးကြိမ်အတွင်း မေးခွန်းအများဆုံး မေးမြန်းထားကြောင်းတွေ့ရပြီး အမျိုးသားလွှတ်တော်တွင် ချင်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းအများဆုံး မေးမြန်းခဲ့ကြောင်း တွေ့ရသည်။

အဆိုတင်သွင်းမှုတွင်မူ ပြည်သူ့လွှတ်တော်တွင်ရော အမျိုးသားလွှတ်တော်တွင်ပါ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက အများဆုံးတင်သွင်းခဲ့ကြောင်း တွေ့ရသည်။

မေးခွန်းမေးမြန်းမှုတွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအကြား ကြီးမားသည့်ကွာဟမှုကို မတွေ့ရသော်လည်း အဆိုတင်သွင်းမှုတွင်မူ အများဆုံးတင်သွင်းသည့် တိုင်းဒေသကြီးနှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်တို့အကြား ကွာဟမှု ကြီးမားကြောင်း တွေ့ရသည်။

**မေးခွန်းများ၊ အဆိုများ၏ အကြောင်းအရာ/ကဏ္ဍ**

ပြည်သူ့လွှတ်တော်တွင်ရော၊ အမျိုးသားလွှတ်တော်တွင်ပါ အများဆုံး မေးခွန်းမေးမြန်းသည့် အကြောင်းအရာသည် အခြေခံအဆောက်အအုံဖြစ်ပြီး၊ ပညာရေးနှင့် ကျန်းမာရေးတို့သည် မေးခွန်းမေးမြန်းမှုအများဆုံး အကြောင်းအရာ ငါးမျိုးတွင်ရော၊ အစည်းအဝေးအကြိမ်တိုင်း မေးခွန်းမေးမြန်းခံရသည့် အကြောင်းအရာများတွင်ပါ ပါဝင်နေကြောင်း တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် အကြောင်းအရာ ခုနစ်မျိုးနှင့် ပတ်သက်သည့် အဆို ၁၂ ခုတင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်တွင် အကြောင်းအရာ ၁၁ မျိုးနှင့် ပတ်သက်သည့် အဆို ၂၀ တင်သွင်းခဲ့သည်။ လွှတ်တော်နှစ်ရပ်အကြား ဘုံတူညီမှုရှိသည့် အကြောင်းအရာများမှာ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ဖြစ်ကြောင်း တွေ့ရသည်။

**မေးခွန်းများ၊ အဆိုများ၏ ရည်ရွယ်ချက်**

မေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာကြည့်ရာ ပြည်သူ့လွှတ်တော်တွင် မေးမြန်းသော မေးခွန်းများသည် မဲဆန္ဒရှင်များအား ကိုယ်စားပြုရေးအတွက် ရည်ရွယ်ကြောင်း တွေ့ရပြီး၊ အမျိုးသားလွှတ်တော်တွင်မူ အစိုးရအား စိစစ်ထိန်းကျောင်းရေးအတွက် ရည်ရွယ်ကြောင်း တွေ့ရသည်။

ပြည်သူ့လွှတ်တော်ရော၊ အမျိုးသားလွှတ်တော်တွင်ပါ တင်သွင်းသည့် အဆိုများသည် အစိုးရအား စိစစ်ထိန်းကျောင်းရန် ရည်ရွယ်သည့် အဆိုများဖြစ်ကြောင်းတွေ့ရသည်။

**မေးခွန်းများအပေါ် တုံ့ပြန်မှု**

မေးခွန်းများအပေါ်တုံ့ပြန်မှုများတွင် လွှတ်တော်နှစ်ရပ်အကြား ကြီးမားသည့် ခြားနားမှု မရှိသည်ကို တွေ့ရပြီး အပြုသဘောဆောင်သည့် အဖြေများ အများဆုံးဖြစ်ခဲ့ကြောင်းတွေ့ရသည်။

**အဆိုများအပေါ် အဆုံးအဖြတ်**

ပြည်သူ့လွှတ်တော်တွင် အစည်းအဝေးသုံးကြိမ်အတွင်း အဆို ၁၂ ခုတင်သွင်းရာ နှစ်ခု အတည်ပြုနိုင်ခဲ့ကြောင်း တွေ့ရပြီး၊ အမျိုးသားလွှတ်တော်တွင် အဆို ၂၀ တင်သွင်းရာ ၁၆ ခုအတည်ပြုနိုင်ကြောင်းတွေ့ရသည်။

**အဆိုဆွေးနွေးမှု**

ပြည်သူ့လွှတ်တော်တွင် အဆို ၁၂ ခုတင်သွင်းပြီး ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက စုစုပေါင်း ရှစ်ကြိမ်ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရပြီး၊ အမျိုးသားလွှတ်တော်တွင် အဆို ၂၀ တင်သွင်းပြီး အဆို ၁၈ ခုဆွေးနွေးရာ လွှတ်တော်

ကိုယ်စားလှယ် ၅၆ ဦးက စုစုပေါင်း ၉၉ ကြိမ်ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်တွင် အဆိုနှစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှုန်း ပျမ်းမျှဝင်ရောက်ဆွေးနွေးနိုင်ပြီး၊ အမျိုးသားလွှတ်တော်တွင် အဆိုတစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် ပျမ်းမျှ သုံးဦးခန့် ဝင်ရောက်ဆွေးနွေးနိုင်သည်။

**မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းဆွေးနွေးမှု မတွေ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များ**

ပြည်သူ့လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခန့်အပ်ခံရဖူးသူ ၅၀၈ ဦးရှိရာ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းဆွေးနွေးမှု မတွေ့ရသည့် လွှတ်တော်ကိုယ်စားလှယ် ၂၁၇ ဦးရှိခဲ့ကြောင်း တွေ့ရသည်။

အမျိုးသားလွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခန့်အပ်ခံရဖူးသူ၂၃၅ ဦးရှိရာ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန် အစည်းအဝေးအထိ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းဆွေးနွေးမှု မတွေ့ရသည့် လွှတ်တော်ကိုယ်စားလှယ် ၉၀ ဦးရှိခဲ့ကြောင်း တွေ့ရသည်။

**အခန်း(၁)။ နိဒါန်း**

ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ လွှတ်တော်လေ့လာစောင့်ကြည့်ရေး အစီရင်ခံစာများကို ထုတ်ဝေလာရာ ယခုအစီရင်ခံစာသည် တတိယမြောက် အစီရင်ခံစာဖြစ်ပြီး သတ္တမအကြိမ်မှ နဝမအကြိမ်အထိ မေးခွန်းများနှင့် အဆိုများကို လေ့လာထားသည့် အစီရင်ခံစာဖြစ်သည်။ ယခင်အစီရင်ခံစာ နှစ်စောင်သည် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန် အစည်းအဝေးအထိ မေးခွန်းများနှင့် အဆိုများကိုလေ့လာချက် အစီရင်ခံစာများဖြစ်ရာ ယခုအခါ ပထမအကြိမ်မှ နဝမအကြိမ်အတွင်း လွှတ်တော်၏ အဓိကကျသော လုပ်ငန်းနှစ်ရပ်ဖြစ်သော မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု အခြေအနေများကို သုံးသပ်နိုင်မည်ဖြစ်သည်။ သတ္တမအကြိမ်မှ နဝမ အကြိမ်အထိ လေ့လာရာတွင် အဋ္ဌမအကြိမ်သည် နိုင်ငံတော် ဖြည့်စွက်ရန်ပုံငွေ အဓိက ဆွေးနွေးရသည့် အကြိမ်ဖြစ်သလို၊ နဝမအကြိမ်သည်လည်း ရသုံးမှန်ခြေငွေစာရင်းနှင့်ပတ်သက်ပြီး ဆွေးနွေးရသည့် ကာလ ဖြစ်ပါသည်။ ရသုံးမှန်းခြေ ငွေစာရင်း ဆွေးနွေးရသည့် ကာလများအတွင်း လွှတ်တော်၏ မေးခွန်းမေးမြန်းနိုင်မှု၊ အဆို တင်သွင်းနိုင်မှုနှင့် ကျန်ပုံမှန် အစည်းအဝေးများတွင် ဆောင်ရွက်နိုင်မှုတို့ကို နှိုင်းယှဉ်လေ့လာနိုင်မည် ဖြစ်ပါသည်။

**၁.၁.၀ ။ သုတေသနရည်ရွယ်ချက်**

ယခုလေ့လာချက်အတွက် လွှတ်တော်မှ ပုံနှိပ်ထုတ်ဝေသော အစည်းအဝေးမှတ်တမ်း စာအုပ်များမှ အချက်အလက်များ ကောက်ယူစုဆောင်းထားခြင်း ဖြစ်ပါသည်။ စာအုပ်စာတမ်းများအတွင်းမှ ကိန်းဂဏန်း အချက်အလက်များပြန်လည် ထုတ်ယူသည့် (existing statistics) နည်းဖြင့် အချက်အလက်များ စုဆောင်းသုတေသနပြုထားခြင်း ဖြစ်ပါသည်။ ထိုအချက်အလက် ကိန်းဂဏန်းများကို လေ့လာခြင်းဖြင့် လွှတ်တော်တစ်ရပ်၏ အခန်းကဏ္ဍနှင့် ယင်း၏ အားကောင်းမှုများ၊ အားနည်းချက်များ၊ အကျိုးသက်ရောက်မှုများ စသည်တို့ကို သိရှိရန် ရည်ရွယ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များကို စောင့်ကြည့်လေ့လာရာတွင် လွှတ်တော်တစ်ရပ်၏ အင်္ဂါရပ်များဖြစ်သည့် ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအားထိန်းကျောင်းစိစစ်ခြင်း၊ အစိုးရအား တရားဝင်ဖြစ်စေခြင်းနှင့် နိုင်ငံရေးအရ လေ့ကျင့်ပျိုးထောင်မှုပေးခြင်းတို့အနက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းကျောင်းစိစစ်ခြင်း စွမ်းဆောင်ရည်များကို ရရှိနိုင်သော အချက်အလက်များပေါ်တွင် အကဲဖြတ်သွားရန် ဖြစ်ပါသည်။ ထိုသို့ အချက်အလက်များ ကောက်ယူရာမှ လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ဖြစ်သော ဥပဒေပြုမှု၊ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်း မှုတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း ရှိမရှိ တိုင်းတာနိုင် မည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည် ဖြစ်သည်။

**၁.၂.၀ ။ နည်းနာဗေဒ**

ယခုမှတ်တမ်းတွင် အသုံးပြုထားသော အချက် အလက် အများစုမှာ လွှတ်တော်အစည်းအဝေး မှတ်တမ်းများနှင့် အစိုးရပိုင် သတင်းစာများမှ ကောက်ယူထားခြင်းဖြစ်ပြီး၊ တရားဝင် ထုတ်ပြန်ထားသော အချက်အလက်များပေါ်တွင် အခြေခံထားပါသည်။ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်တို့ကို အကဲဖြတ်ရာတွင် လွှတ်တော်အစည်းအဝေးများအတွင်း မေးမြန်းသည့် မေးခွန်း အရေအတွက်၊ အဆိုတင်သွင်းသည့် အကြိမ်ရေနှင့်

ဥပဒေကြမ်းများတွင် ဝင်ရောက်ဆွေးနွေးမှု အကြိမ်အရေအတွက် စသည်တို့သက်သက်ချည်းဖြင့်သာ မဆုံးဖြတ်နိုင်သော်လည်း၊ ယခုလေ့လာချက်မှ ထွက်ရှိလာသော အခြေခံကိန်းဂဏန်းအချက်အလက်များသည် လွှတ်တော်ကိုယ်စားလှယ်များ၊ နီးနွယ်ပတ်သက်သူများ၊ စာနယ်ဇင်းသမားများ၊ သုတေသန ပြုလုပ်သူများနှင့် မဲဆန္ဒရှင် ပြည်သူများအတွက် အသုံးဝင်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် လွှတ်တော်၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေပုံကို ပိုမိုရှင်းလင်းလွယ်ကူစွာ နားလည်လာကြရန် ရည်ရွယ်ပါသည်။

လွှတ်တော်၏ လုပ်ငန်းများကို လေ့လာရာတွင် ဥပဒေပြုလွှတ်တော်များ၏ အဓိကလုပ်ငန်းများဖြစ်သော ဥပဒေပြုမှု၊ အစိုးရအားစိစစ်ထိန်းကြောင်းမှုနှင့် မဲဆန္ဒရှင် ပြည်သူများအား ကိုယ်စားပြုနိုင်မှုတို့ကို အဓိကထား နှိုင်းယှဉ်လေ့လာထားပါသည်။

လွှတ်တော်တွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကြောင်းအရာ(ကဏ္ဍ)အလိုက် အမျိုးအစား ခွဲခြားရာတွင်လည်း လာရောက်ပြန်လည်ဖြေကြား ရှင်းလင်းသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို အခြေခံပြီး အမျိုးအစားခွဲခြင်းမဟုတ်ဘဲ သက်ဆိုင်သည့် ကဏ္ဍအလိုက်သာ ခွဲခြားထားသဖြင့် ကဏ္ဍအလိုက် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မြင်တွေ့ရမည် ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို လေ့လာရာတွင်လည်း အချက်အလက်များ၏ ခိုင်မာအားကောင်းမှုအတွက် လွှတ်တော်များ၏ ပုံမှန်အစည်းအဝေး မှတ်တမ်းများကို ပင်မအရင်းအမြစ်အဖြစ် ရွေးချယ်အသုံးပြု၍ အချက်အလက် ကောက်ယူမှုများ ပြုလုပ်ပါသည်။

လွှတ်တော်တွင်း ဆောင်ရွက်သည့်လုပ်ငန်းများအနက် နိစ္စဓူဝ လုပ်ငန်းများမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေကြမ်းရေးဆွဲတင်သွင်း၊ ပြင်ဆင် ဖျက်သိမ်းခြင်းတို့ဖြစ်သည်။ ယခု အစီရင်ခံစာတွင်မူ ယင်းလွှတ်တော်လုပ်ငန်းဆောင်တာများမှ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့နှင့် ပတ်သက်သည့် အချက်အလက်များကို ပိုင်းခြား လေ့လာခြင်းဖြစ်သည်။

လွှတ်တော်များသည် အုပ်ချုပ်ရေးကဏ္ဍ၏ လုပ်ငန်းများ ပွင့်လင်းမြင်သာမှုနှင့် ထင်သာမြင်သာရှိစေရန်၊ အုပ်ချုပ်ရေးကဏ္ဍ၏ တာဝန်ခံမှုကို မြှင့်တင်နိုင်ရန်၊ အစိုးရ၏ ဘဏ္ဍာရေးအရ တာဝန်ခံမှု မြင့်မားလာစေရန်၊ တရားဥပဒေစိုးမိုးစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အစိုးရကို စိစစ် ထိန်းကျောင်းသည့် လုပ်ငန်းဆောင်တာများကို မေးခွန်း မေးမြန်းခြင်းအားဖြင့် အဓိကဆောင်ရွက်သည်။ ထိုသို့ မေးခွန်းမေးမြန်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အစိုးရဌာနများသို့ စာဖြင့် ရေးသားမေးမြန်း ခြင်းပြုနိုင်သလို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများမှ လွှတ်တော်သို့ လာရောက်ဖြေဆိုနိုင်စေရန် ကြယ်ပွင့်ပြမေးခွန်းများကိုလည်း လွှတ်တော်အစည်းအဝေးများအတွင်း မေးမြန်းနိုင်သည်။

## ၁.၂.၁ ။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

ဤအခန်းငယ်တွင် ပွင့်လင်းမြန်မာ့ရှေ့ဆောင်၊ လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်မှ လွှတ်တော်ဆိုင်ရာ အချက်အလက်များကို ကောက်ယူသည့်အခါ အသုံးပြုသည့် ဝေါဟာရ ရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှုများကို ရှင်းလင်းတင်ပြမည် ဖြစ်သည်။ ထိုသို့တင်ပြရာတွင် ဤအစီရင်ခံစာအတွက် လိုအပ်သည့် အပိုင်းကဏ္ဍများဖြစ်သည့် အဆိုနှင့် မေးခွန်းဆိုင်ရာအပိုင်းများ ပါဝင်မည် ဖြစ်သည်။ အဆိုနှင့် ကြယ်ပွင့်ပြမေးခွန်း နှစ်မျိုးလုံးတွင် ရည်ရွယ်ချက်နှင့် အကြောင်းအရာတို့အပေါ် အမျိုးအစားခွဲခြားမှုမှာ အတူတူပင်ဖြစ်ပါသည်။ သို့သော် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်လျှင် တုန့်ပြန်ဆွေးနွေးမှုများ အမျိုးအစား ခွဲခြားခြင်းအဖြစ်ကို မြင်ရမည်ဖြစ်ပြီး အဆိုနှင့်ပတ်သက်လျှင် အဆုံးအဖြတ်များကို အမျိုးအစားခွဲခြားခြင်းအဖြစ် မြင်ရမည်ဖြစ်သည်။

### (၁) အကြောင်းအရာ/ကဏ္ဍများကို အမျိုးအစားခွဲခြားခြင်း

မေးခွန်းများကို တုံ့ပြန်ပုံအလိုက် အမျိုးအစားခွဲ အချက်အလက်ကောက်ယူသည့်အပြင် လွှတ်တော်တွင်း မေးမြန်းသည့် အကြောင်းအရာများကို လာရောက်ဖြေကြားသည့် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများအပေါ် တိုက်ရိုက်အခြေမခံဘဲ မေးခွန်း၏ အကြောင်းအရာ ကဏ္ဍအလိုက် အခြေခံပြီး ထပ်မံအမျိုးအစား ခွဲခြားထားပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွင့်လှစ်ပေးရန် မေးမြန်းသော မေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လာရောက်ဖြေကြားရသော်လည်း ပညာရေးဟုသာ သတ်မှတ်ပါသည်။ ယေဘုယျ အမျိုးအစား ခွဲခြားပုံကို အောက်ပါအတိုင်း ပြုလုပ်ပါသည်။

***(က) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး***

လမ်း၊ တံတား၊ ဆည်မြောင်း အပါအဝင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း ပြုပြင်ခြင်းတို့ ဖြစ်သည်။ သို့သော် ဆေးရုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းကို ကျန်းမာရေးဟု သတ်မှတ်ပြီး၊ စာသင်ကျောင်းများ ဆောက်လုပ်၊ တိုးချဲ့ခြင်းတို့ကိုမူ ပညာရေးဟု သတ်မှတ်ပါသည်။

***(ခ) စိုက်ပျိုးရေး***

စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းမှသည် သီးနှံများ ဈေးကောင်းရရေး၊ လယ်သမားများ၏ အခွင့်အရေးစသည်တို့ကို စိုက်ပျိုးရေးဟူသော ခေါင်းစဉ်အောက်တွင် ထည့်သွင်း သတ်မှတ်ထားပါသည်။

***(ဂ) ကျန်းမာရေး***

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်သည့်ကိစ္စများ ၊ကျန်းမာရေးဆိုင်ရာအဆောက်အအုံနှင့် စပ်လျဉ်းသည်တို့ကို ကျန်းမာရေးဟု ထည့်သွင်းသတ်မှတ်ပါသည်။

***(ဃ) ပညာရေး***

ပညာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများ တိုးချဲ့ တည်ဆောက်မှု၊ ပညာရေးစနစ်အား ပြုပြင်ပြောင်းလဲမှု၊ ပညာရေးဝန်ထမ်းများ ခန့်ထားမှုတို့ကို ပညာရေးဟု သတ်မှတ်ပါသည်။

***(င) ယဉ်ကျေးမှုနှင့် အနုပညာ***

ယဉ်ကျေးမှုအမွေအနှစ်များ၊ စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင် စသည့် ကိစ္စရပ်များကို ယဉ်ကျေးမှုနှင့် အနုပညာဟု သတ်မှတ်ပါသည်။

***(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး***

မြစ်ချောင်းအင်းအိုင်၊ သစ်တော၊ ဇီဝမျိုးကွဲများနှင့် အခြားသော သဘာဝသယံဇာတများအား ထိန်းသိမ်းခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟု သတ်မှတ်ပါသည်။

***(ဆ) နိုင်ငံရေး***

အုပ်ချုပ်ရေး စနစ်သစ်၊ စနစ်ဟောင်းတို့ကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များ၊ ပါတီများ၊ ရွေးကောက်ပွဲများနှင့် နီးနွယ်နေသည့် ကိစ္စရပ်များကို နိုင်ငံရေးဟုသတ်မှတ်ပါသည်။

***(ဇ) မြေယာနှင့် အိုးအိမ်***

အိုးအိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှု၊ ရောင်းချပေါင်နှံမှု၊ ငှားရမ်းမှုအပါအဝင် မြေယာနှင့် အိုးအိမ်များကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကိုင်တွယ်သုံးစွဲမှုတို့ကို မြေယာနှင့် အိုးအိမ်ဟု သတ်မှတ်ပါသည်။

***(ဈ) အလုပ်သမားအရေး***

အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ အလုပ်ရှင်-အလုပ်သမားအကြား ပဋိပက္ခများ စသည်တို့ကို အလုပ်သမားအရေးအဖြစ် သတ်မှတ်ပါသည်။

***(ည) စွမ်းအင်***

စွမ်းအင်ပုံစံတစ်မျိုးမျိုးကို ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဖြန့်ဝေမှုတို့ကို စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

***(ဋ) အုပ်ချုပ်ရေး***

အစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်ပတ်သက်နေသည့် ကိစ္စရပ်များ၊ အုပ်ချုပ်ရေးယန္တရား၏ တိုက်ရိုက်စီမံခန့်ခွဲမှု အောက်တွင်ရှိသော ကိစ္စရပ်များကို အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

***(ဌ) သယ်ယူပို့ဆောင်ရေး***

ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများကို သယ်ယူပို့ဆောင်ရေးဟု သတ်မှတ်ပါသည်။

***(ဍ) စက်မှုလုပ်ငန်း***

ကုန်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ စီမံခြင်း၊ ပြုပြင်ပြောင်းလဲခြင်း စသည်တို့ကို စက်မှုလုပ်ငန်းဟု သတ်မှတ်ပါသည်။

***(ပ) ဝန်ဆောင်မှုလုပ်ငန်း***

သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းတို့မှအပ (ယင်းတို့သည်လည်း ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော်လည်း ပိုမို အသေးစိတ် သုံးသပ်နိုင်စေရန် ခွဲခြမ်းခဲ့ခြင်းဖြစ်သည်) အခြားသော အစိုးရနှင့်ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများကို ဝန်ဆောင်မှု လုပ်ငန်းခေါင်းစဉ်အောက်တွင် ထည့်သွင်းထားသည်။

***(ဏ) ခရီးသွားလုပ်ငန်း***

ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှုများ၊ မူဝါဒများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအဖြစ် ခွဲခြမ်းသတ်မှတ်ပါသည်။

***(တ) ဖွံ့ဖြိုးတိုးတက်ရေး***

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီ၊ အထောက်အပံ့များ၊ ဒေသအလိုက်နှင့် နိုင်ငံအဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးဟု သတ်မှတ်ပါသည်။

*(ထ) တိုင်းရင်းသားအရေး*

ဗမာတိုင်းရင်းသားအပါအဝင် တစ်ခု သို့မဟုတ် တစ်ခု ထက်ပိုသော တိုင်းရင်းသားများ၏ အရေးကိစ္စများကို တိုင်းရင်းသားအရေးဟု သတ်မှတ်ပါသည်။

*(ဒ) တရားစီရင်ရေး*

တရားရုံးများ၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများမှသည် တရားစီရင်ရေးစနစ်တစ်ခုလုံးနှင့် ပတ်သက်သည့် ကိစ္စများကို တရားစီရင်ရေးဟု သတ်မှတ်ပါသည်။

*(ဓ)ဘာသာရေး*

နိုင်ငံသားတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံးကို ဘာသာရေးဟု သတ်မှတ်ပါသည်။

*(န) အားကစား*

အားကစားနည်းများအား လူထုအကြားပျံ့နှံ့စေရေး၊ အားကစားကွင်းများအား စီမံခန့်ခွဲရေးတို့ကို အားကစားဟု ဖော်ပြပါသည်။

*(ပ) စီးပွားရေး*

ကူးသန်းရောင်းဝယ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အကျိုးအမြတ်အလို့ငှာ ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စများကို စီးပွားရေးဟု သတ်မှတ်ပါသည်။

*(ဖ) လူမှုရေး အထောက်အပံ့*

နိုင်ငံသားတိုင်း ဆူကြုံနိမ့်မြင့်မရွေး လူမှုဘဝ တိုးတက်မြင့်မားစေရေး၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်နိုင်ရေးစသည်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အထောက်အပံ့များကို လူမှုရေးအထောက်အပံ့ဟု သတ်မှတ်ပါသည်။

*(ဗ) အခွန်ကောက်ခံရေး*

အခွန်ကောက်ခံရေး၊လျှော့ပေါ့ပေးရေးအပါအဝင်အခြား အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးကို အခွန်ကောက်ခံရေး အဖြစ် သတ်မှတ်ပါသည်။

*(ဘ) ငြိမ်းချမ်းရေး*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များကို ငြိမ်းချမ်းရေးဟု သတ်မှတ်ပါသည်။

*(မ) နိုင်ငံသားများ၏ အခွင့်အရေး*

လွတ်လပ်စွာထုတ်ဖော်ပြောဆို၊စုဝေးခွင့်စသည့် နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးများနှင့် သက်ဆိုင်သည့် ကိစ္စများကို နိုင်ငံသားများ၏အခွင့်အရေးဟုသတ်မှတ်သည်။

*(ယ) ဥပဒေပြုရေး*

ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် ဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဥပဒေပြုရေးဟု သတ်မှတ်ပါသည်။

**(၂) ရည်ရွယ်ချက်များကို အမျိုးအစားခွဲခြားခြင်း**

လွှတ်တော်၏ လုပ်ငန်းဆောင်တာများဖြစ်သည့် ကိုယ်စားပြုမှု၊ အစိုးရအား ထိန်းကျောင်းစိစစ်မှုနှင့် ဥပဒေပြုမှုတို့ကို မေးခွန်း၊ အဆိုများတွင် ထင်ဟပ်နေခြင်းအား ခွဲခြားသိမြင်နိုင်ရန်အတွက် မေးခွန်းနှင့် အဆိုများ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း အမျိုးအစားခွဲခြား ကောက်ယူခဲ့ပါသည်။

*(က) ကိုယ်စားပြုမှု*

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ သို့မဟုတ် အဆိုများအနက် မေးမြန်းသူ လွှတ်တော်ကိုယ်စားလှယ်သည် သူ၏မဲဆန္ဒနယ်မှ ပြည်သူတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ကိုယ်စားပြု၍ မေးမြန်း/တင်သွင်းခြင်းကို ကိုယ်စားပြု မေးမြန်း/ အဆိုတင်သွင်းခြင်းဟု သတ်မှတ်ပါသည်။ ဥပမာအားဖြင့် မိုးညှင်းမြို့ရှိ လမ်းများကို ပြုပြင်ပေးရန် မိုးညှင်းမြို့နယ် မဲဆန္ဒနယ် သို့မဟုတ် ကချင်ပြည်နယ်ရှိ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်ခုခုမှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မေးမြန်းပါက သို့မဟုတ် ထိုသို့ပြင်ဆင်ပေးရန် အဆို တင်သွင်းပါက ကိုယ်စားပြုခြင်းအဖြစ် သတ်မှတ်ပါသည်။ ထိုသို့မဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက မိုးညှင်းမြို့ရှိလမ်းများကို ပြုပြင်ပေးနိုင်ပါမည်လားဟု မေးမြန်းမှု၊ သို့မဟုတ် ပြင်ဆင်ပေးရန် အဆို တင်သွင်းမှုကို ကိုယ်စားပြုရန် ရည်ရွယ်ချက်အဖြစ် မယူဆဘဲ၊ အစိုးရအား ထိန်းကျောင်း စိစစ်မှုအဖြစ် ကောက်ယူပါသည်။

*(ခ) အစိုးရအား ထိန်းကျောင်းစိစစ်မှု*

အစိုးရ၏ ရပ်တည်ချက်၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်သက်ဆိုင်နေသော အကြောင်းအရာများကို မေးမြန်းခြင်း၊ ယင်းတို့နှင့် ပတ်သက်သည့်အဆို တင်သွင်းဆွေးနွေးခြင်းအား အစိုးရကိုထိန်းကျောင်းစိစစ်မှုအဖြစ် သတ်မှတ်ပါသည်။ ဥပမာအားဖြင့် မေးခွန်းမေးမြန်း/အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်၏ မဲဆန္ဒနယ်တွင် အစိုးရ စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်ပေးနိုင်မည်လားဟု မေးမြန်းမှု သို့မဟုတ် ဖွင့်လှစ်ပေးရန် အဆိုတင်သွင်းမှုကို ကိုယ်စားပြုခြင်းဟုသတ်မှတ်သော်လည်း အစိုးရစိုက်ပျိုးရေးသိပ္ပံများ ပိုမိုများပြားစွာ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပါမည်လောဟု မေးမြန်းသည့် မေးခွန်းများ၊ သို့မဟုတ် ထိုသို့ ဖွင့်လှစ်ပေးရန် အဆိုများကိုမူ အစိုးရအား ထိန်းကျောင်း စိစစ်ရန် ရည်ရွယ်ချက်ဖြင့် မေးမြန်းသည့် မေးခွန်းများ/ အဆိုများအဖြစ် ခွဲခြား သတ်မှတ်ပါသည်။

***(ဂ) ဥပဒေပြုမှု***

လွှတ်တော်သည် အဓိကဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်သည် ဥပဒေကြမ်းအများစုကို ရေးဆွဲနိုင်သည့် အနေအထားတွင်ရှိနေခြင်း၊ တည်ဆဲဥပဒေများကို လက်တွေ့ကိုင်တွယ် ဖော်ဆောင်နေရခြင်းတို့ကြောင့် ဥပဒေပြုရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းရခြင်း၊ အဆိုတင်သွင်းရခြင်းများလည်း ရှိသည်။ အုပ်ချုပ်ရေးယန္တရားကို မေးမြန်း၊ အဆိုတင်သွင်းရသည်များ ရှိသလို၊ ဥပဒေပြုရေးနှင့် ပတ်သက်ပြီး လွှတ်တော်တွင်း မေးမြန်းဖြေကြားအဆိုတင်သွင်းဆွေးနွေးရသည်များလည်းရှိခဲ့သည်။

***(၃) ကြယ်ပွင့်ပြမေးခွန်းများအား တုန့်ပြန်မှုများကို အမျိုးအစားခွဲခြားခြင်း***

လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြ မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တုန့်ပြန်မှုများကို အမျိုးအစားခွဲခြားခြင်းကို အောက်ဖော်ပြပါ အတိုင်း ပြုလုပ်ထားပါသည်။

လွှတ်တော်အတွင်း မေးမြန်းသည့် မေးခွန်းများကို ယေဘုယျ အားဖြင့် သုံးမျိုးခွဲခြားနိုင်ကြောင်း တွေ့ရသည်။ (က) လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိလိုသည့်အခါ မေးခွန်းများ မေးမြန်းလေ့ရှိသလို၊ (ခ) ယင်းတို့၏ မဲဆန္ဒနယ်များနှင့် ပတ်သက်သည့် ကိစ္စများကို ပြည်ထောင်စုအဖွဲ့အစည်းများက ဆောင်ရွက်ပေးနိုင်ခြင်း ရှိမရှိလည်း မေးမြန်းလေ့ရှိသည်။ (ဂ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီး၏ ရပ်တည်ချက်များနှင့် မူဝါဒများကို အတည်ပြုချက်ရယူ မေးမြန်းသည့် မေးခွန်းများလည်း ရှိသည်။ ထို့အတွက် အဖြေ (ဝါ) တုံ့ပြန်မှုများကို အမျိုးအစားခွဲခြားရာတွင် အောက်ပါရည်ညွှန်းအဓိပ္ပါယ်များ အတိုင်း ဝေါဟာရရွေးချယ်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။

***(က) အပြုသဘောဆောင်သည့် တုံ့ပြန်ချက်***

လွှတ်တော်သို့ လာရောက်ဖြေကြားသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် သို့မဟုတ် ထိုပုဂ္ဂိုလ်၏ တာဝန်လွှဲအပ်ခြင်းခံရသူသည် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းစွာ ဖြေကြားပြီး ထိုအဖြေသည် တိကျသော ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးပါမည်ဟူသည့် တိကျသော ကတိကဝတ်ဖြစ်ပါက အပြုသဘော ဆောင်သည့်တုံ့ပြန်ချက်ဟု သတ်မှတ်ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ရပ်တည်ချက်၊ မူဝါဒများကို မေးမြန်းသည့် မေးခွန်းများတွင်မူ တိကျရှင်းလင်းသည့် မူဝါဒချပြနိုင်မှုပေါ် မူတည်၍ အပြုသဘောဆောင်သည့် တုံ့ပြန်မှုဟု ယူဆခြင်းဖြစ်ပါသည်။

***(ခ) ငြင်းဆိုသည့် တုံ့ပြန်ချက်***

ငြင်းဆိုသည်ဟု သတ်မှတ်ရသည့် တုံ့ပြန်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုသော ကိစ္စရပ်များကို တိကျသည့် ဘဏ္ဍာနှစ်တစ်ခုအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးဟု ဖြေကြားသော အဖြေများနှင့် တိကျသော မူဝါဒကို ချမပြနိုင်သည့် တုံ့ပြန်ချက်များကို သတ်မှတ်ခြင်း ဖြစ်သည်။ အကယ်၍ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပါ အကြောင်းအရာနှင့် ပတ်သက်၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် မကိုက်ညီသောကြောင့် သော်လည်းကောင်း၊ အစိုးရဘဏ္ဍာရေး အခြေအနေကြောင့် သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု တုန့်ပြန်မှုများကိုလည်း ငြင်းဆိုသည့် တုံ့ပြန်ချက်များအဖြစ်သာ သတ်မှတ်သည်။

***(ဂ) မရှင်းလင်းသည့် တုံ့ပြန်ချက်***

မေးခွန်းကို တိတိကျကျ မဖြေကြားထားသော အဖြေများ၊ တိကျသော မူဝါဒ၊ ရပ်တည်ချက်ကို ထုတ်ဖော် ပြောကြားနိုင်မှုမရှိသော တုံ့ပြန်ချက်များကို မရှင်းလင်းသည့် တုံ့ပြန်ချက်များအဖြစ် သတ်မှတ်ပါသည်။ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပါ အကြောင်းအရာနှင့် ပတ်သက်၍ ဆောင်ရွက်ပေးရန် တိကျသောဘဏ္ဍာရေးနှစ်သတ်မှတ် ဖော်ပြခြင်းမရှိသော တုန့်ပြန်မှုများကိုလည်း ရှုပ်ထွေးသည့် တုံ့ပြန်ချက်များ အဖြစ်သာ သတ်မှတ်သည်။

***(ဃ) ရောပြွမ်းတုံ့ပြန်ချက်များ***

လွှတ်တော်အမတ်များသည် တစ်ခုထက်ပိုသောမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းခြင်းကြောင့်ဖြစ်စေ၊ လာရောက်ဖြေကြားသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်သည် မေးခွန်းကို ဆစ်ပိုင်းဖြေကြားခြင်းကြောင့်ဖြစ်စေ ရောပြွမ်းတုံ့ပြန်ချက်များ ထွက်ပေါ်လာလေ့ ရှိပါသည်။ ဥပမာအားဖြင့် မေးခွန်း၏ အစိတ်အပိုင်းတစ်ရပ်ကို အပြုသဘော ဖြေကြားပြီး၊ အခြားအစိတ် အပိုင်းတစ်ရပ်ကိုမူ အခြားတုန့်ပြန်မှု အမျိုးအစားတစ်ခုဖြင့် ဖြေကြားပါက ရောပြွမ်းတုံ့ပြန်ချက်များအဖြစ် သတ်မှတ်သည်။ မေးခွန်းပါ အကြောင်းအရာ၊ သို့မဟုတ် မေးခွန်း၏ တစ်စိတ်တစ်ပိုင်းနှင့် ပတ်သက်၍ တိုက်ရိုက်သက်ဆိုင်သော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တာဝန်ရှိသူက လာရောက်ဖြေဆိုခြင်း မရှိဘဲ အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခုမှ တာဝန် ရှိသူတစ်ဦးဦးက ဖြေဆိုသည့်အခါ ရှင်းလင်းစွာ ဖြေကြားနိုင်ခြင်း မရှိ (သို့မဟုတ်) လုံးဝဖြေကြားခြင်း မရှိသည့် တုံ့ပြန်မှုများကို လည်း ရောပြွမ်းတုန့်ပြန်ချက်အဖြစ် ကောက်ယူပါသည်။

### *(င) ဆောင်ရွက်ဆဲဟု တုံ့ပြန်ချက်*

ကိစ္စတစ်ရပ်သည် မေးခွန်းမေးမြန်းသည့် ကာလတွင်၊ သို့မဟုတ် ထိုဘဏ္ဍာနှစ်တွင် ဆောင်ရွက်အကောင်အထည် ဖော်နေပြီဖြစ်သော အကြောင်းအရာဖြစ်သည်ဟု လည်းကောင်း၊ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်က "သိလိုသဖြင့်" မေးမြန်းသည့် ဆီလျော်သည့် ဆောင်ရွက်မှု အဆင့်ဆင့်ဖြင့် ပြုလုပ်ပေးပါမည်ဟူ၍လည်းကောင်း ဖြေကြားပါကထို တုံ့ပြန်ချက်များကို ဆောင်ရွက်ဆဲဟု သတ်မှတ်ပါသည်။

(၄) အဆိုများအပေါ် လွှတ်တော်၏အဆုံးအဖြတ်အား အမျိုးအစားခွဲခြားခြင်း

လွှတ်တော်ကိုယ်စားလှယ်များက အဆိုများ တင်သွင်းလာသည့်အခါ အောက်ဖော်ပြပါ အခြေအနေ ခြောက်မျိုးထဲမှ တစ်မျိုးမျိုးကို ကြုံတွေ့ရတတ်ရာ ယင်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်အဖြစ် ခွဲခြားသတ်မှတ်ဖော်ပြခြင်း ဖြစ်ပါသည်။

အဆိုများကို ဖတ်ကြားတင်သွင်းရာတွင် တင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်က မိမိအလိုဆန္ဒအရ ပြန်လည် ရုတ်သိမ်းသည့် အဆို၊ အဆိုအား လွှတ်တော် တွင် ဆွေးနွေးရန် ဖတ်ကြားတင်သွင်းသော်လည်း တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံနှင့် အထက်၏ သဘောတူညီမှု မရရှိသဖြင့် ပယ်ချခံရသည့် အဆို၊ လွှတ်တော်၏ သဘောတူညီချက်ဖြင့် အတည်ပြုခြင်း ခံရသည့် အဆို၊ လွှတ်တော်က အတည်ပြုရန် သဘောမတူသည့် အဆို၊ လွှတ်တော်က အတည်မပြုသော်လည်း အဆိုတင်သွင်းသူ၏ သဘောထားဆန္ဒအရ မှတ်တမ်းတင်ခြင်း ခံရသည့်အဆိုနှင့် လွှတ်တော်တွင် ဆွေးနွေးရန် သဘောတူထားခဲ့သော်လည်း ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့် အဆို ဟူ၍ အခြေအနေ (၆) ရပ် ခွဲခြားဖော်ပြထားပါသည်။

### ၁.၃.၀။ လေ့လာမှု အတိုင်းအတာ

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် မြန်မာနိုင်ငံရှိ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို ထည့်သွင်း လေ့လာရန် ရွေးချယ်ထားပါသည်။ ပြည်နယ် နှင့် တိုင်းဒေသကြီးများမှ လွှတ်တော်များကို စောင့်ကြည့်လေ့လာရန်အတွက်မူ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို လေ့လာစောင့်ကြည့်ရေးတွင် ပါဝင်သည့် အင်္ဂါရပ်များ ပြည့်စုံမှသာ စတင်နိုင်မည်ဖြစ်သည်။

ဥပဒေပြုလွှတ်တော်တစ်ရပ်၏ လုပ်ငန်းဆောင်တာများသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့်လည်း ဆက်နွယ်လျက်ရှိသည်ဖြစ်ရာ အသေးစိတ်လေ့လာရန် အတွက် ကျယ်ဝန်းနက်ရှိုင်းသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ဆောင်ရွက်ချက်များကိုသာ လေ့လာခြင်းဖြင့် လုံလောက်မည် မဟုတ်ပါ။ လွှတ်တော်ပြင်ပ၌ မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်ဆံရေး၊ ပါတီအလိုက် ဆောင်ရွက်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ နိုင်ငံရေးတိမ်းညွတ်မှု နှင့် လွှတ်တော်တစ်ရပ်လုံး၏ နိုင်ငံရေးပျိုးထောင်နိုင်မှု စသည်တို့ကို သုတေသနပြုနိုင်လျှင် မြန်မာ့လူ့အဖွဲ့အစည်း အတွင်းရှိ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်ဖွယ် ရှိပါသည်။

ယခု အစီရင်ခံစာအတွက် အချက်အလက် ကောက်ယူရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် အစီအစဉ်များအတိုင်း ဆောင်ရွက်ကြရသည်ဖြစ်ရာ ယခု ထည့်သွင်းတွက်ချက်ထားသမျှ အဆိုများသည် လွှတ်တော်ကိုယ်စားလှယ်များ အမှန်တကယ် မေးမြန်းရန် ကြိုးစားအားထုတ်ခဲ့သည့် မေးခွန်းများ၊ တင်သွင်းရန် အားထုတ်ခဲ့သည့် အဆိုအရေအတွက်များအတိုင်း အတိအကျ ဖြစ်မည်မဟုတ်ဘဲအစည်းအဝေးမှတ်တမ်းများပါ အဆိုများကိုသာ ရေတွက်နိုင်ခြင်း ဖြစ်သည်။ အချို့သော လွှတ်တော်မှတ်တမ်းများကို ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသည်ဖြစ်ရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှရရှိသော soft copy များကို ကိုးကားအသုံးပြုခဲ့ရပါသည်။ ထိုသို့အချက်အလက်ရယူရာတွင် အမျိုးသားလွှတ်တော် အစည်းအဝေးမှတ်တမ်းများထဲတွင် ကျန်ရှိခဲ့သော သုံးရက်တာမှတ်တမ်းများကို ထည့်သွင်းကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။ ယခု အစီရင်ခံစာ အမှတ် (၃) တွင် သတ္တမအကြိမ်မှ နဝမအကြိမ်ထိ လွှတ်တော်ပုံမှန်အစည်းအဝေးများ အတွင်း မေးခွန်းများနှင့် အဆိုများကို လေ့လာထားသည်ဖြစ်ရာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ လွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်းမှ မေးခွန်းများကို လေ့လာခဲ့သည့် အစီရင်ခံစာအမှတ်(၁)၊ အဆိုများကိုလေ့လာခဲ့သည့် အစီရင်ခံစာအမှတ်(၂)တို့နှင့် တွဲစပ်ဖတ်ရှုပါက လွှတ်တော်ပုံမှန်အစည်းအဝေးများ ပထမမှ နဝမအကြိမ်ထိ အဆိုများရောမေးခွန်းများပါ ခြုံငုံမိပြီး ဖြစ်ပါ လိမ့်မည်။

## အခန်း (၂) နောက်ခံအချက်အလက်များ

မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားပြီး၊ ထိုလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟုခေါ်တွင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြောင်း တွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်သည် မြို့နယ်တစ်ခုချင်းစီကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး၊ အမျိုးသားလွှတ်တော်ကမူ တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုချင်းစီအတွက် ရွေးကောက်ခံကိုယ်စားလှယ် ၁၂ ဦးစီဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ထိုလွှတ်တော် နှစ်ရပ်လုံးတွင် ပါဝင်သည့် ရွေးကောက်ခံကိုယ်စားလှယ် အရေအတွက် သုံးပုံတစ်ပုံစီကို တပ်မတော်သားကိုယ်စားလှယ်များ ခန့်အပ်ထည့်သွင်းလိုက်ခြင်းအားဖြင့် ထိုလွှတ်တော်နှစ်ရပ်တွင် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ အရေအတွက်မှာ ၇၅ ရာခိုင်နှုန်းစီ ကျန်ရှိတော့သည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် ၄၄၀ ဦး၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် ၂၂၄ ဦး၊ စုစုပေါင်း ၆၆၄ ဦးဖြင့် ဖွဲ့စည်းထားသည်။ သို့သော် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများအဖြစ် သတ်မှတ် ချန်လှပ်ခဲ့ခြင်းကြောင့် စတင်ဖွဲ့စည်းခဲ့သည့် လွှတ်တော်များတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၂၅ ဦးတို့သာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ခဲ့သည်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကိုမူ သတ်မှတ်အရေအတွက်အတိုင်း အပြည့်အဝ ခန့်အပ်ထားခဲ့သည်ကို တွေ့ရှိ ရသည်။

ထို့ပြင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ၄၆ ဦးသည် အစိုးရအဖွဲ့တွင် ပါဝင်ရန် ရွေးချယ်ခန့်အပ်ခြင်းခံခဲ့ရသည့်အတွက် လွှတ်တော်များအတွင်းရွေးကောက်ခံကိုယ်စားလှယ်ဦးရေသည် အမျိုးသားလွှတ်တော်တွင် ၁၆၂ ဦးနှင့် ပြည်သူ့လွှတ်တော်တွင် ၂၈၅ ဦးထိသို့ ထပ်မံလျော့ကျသွားခဲ့ရသည်။ ယင်းနောက် ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၄၃ ဦးသာ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်ဖြစ်ရာ လွှတ်တော်တွင်း ရွေးကောက်ခံကိုယ်စားလှယ်များ၏ အချိုးအစားမှာ မူလသတ်မှတ်ထားသည့် အရေအတွက်ကို ယခုတိုင် ပြည့်မီခဲ့ခြင်း မရှိခဲ့ပါ။ လွှတ်တော်စတင်ခေါ်ယူ သည့် ၃၁ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ်မှစ၍ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးများ ပြီးစီးချိန်အထိပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကွယ်လွန်အနိစ္စရောက်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆဋ္ဌမပုံမှန် လွှတ်တော် အစည်းအဝေးများတွင် တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၁၉ ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၆ ဦး၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်တွင် တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ကိုယ်စားလှယ်ပေါင်း ၄၈၅ ဦး ကျန်ရှိကြောင်း တွေ့ရပါသည်။

### ၂.၁.၀။ ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်သည် မြန်မာနိုင်ငံရှိ မြို့နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်တစ်ယောက်စီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦးတို့ ပါဝင်ရမည်ဟု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သတ်မှတ်ထားသည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၉၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၃၂၅ ဦး ရွေးကောက်ပွဲ အနိုင်ရခဲ့သည်။

၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပြည်သူ့လွှတ်တော်သို့ ကိုယ်စားလှယ် ၃၆၂ ဦး (၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ၃၂၅ ဦးနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် ၃၇ ဦး) ကို ပြည်သူများမှ တိုက်ရိုက် ရွေးကောက် တင်မြှောက်ခဲ့နိုင်ပြီ ဖြစ်သည်။ တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦး သည်လည်း ပြည်သူ့လွှတ်တော်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ခန့်အပ်မှုအရ လာရောက်တာဝန်ထမ်း ဆောင်ခဲ့ဖူးပြီ ဖြစ်သည်။ (အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးအထိ) တပ်မတော်သား ကိုယ်စားလှယ် ၆၅ ဦးကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုမှုဖြင့် အစား ထိုးခန့်အပ်ခဲ့ပြီး ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရန်အတွက် ကိုယ်စားလှယ်များအား မြို့နယ်တစ်ခုလျှင် တစ်ဦးကျ ရွေးကောက် တင်မြှောက်ရခြင်း ဖြစ်ရာ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ခုတို့၏ နယ်နိမိတ်အကျယ်အဝန်းနှင့် မြို့နယ် ဖွဲ့စည်း ပါဝင်သည့် အရေအတွက် မတူညီမှုကြောင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များအလိုက် ချဉ်းကပ်ကြည့်လျှင် မဲဆန္ဒနယ်အရေအတွက် ကွာခြားပြီး ကိုယ်စားလှယ်ဦးရေလည်း မတူညီချေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဲဆန္ဒနယ်များ ပါဝင်မှုကို ဇယား (၂-၁) တွင် ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့စဉ်က ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်းမရှိသည့် ပြည်သူ့လွှတ်တော်မဲ ဆန္ဒနယ် ၅ ခုတွင် ရှမ်းပြည်နယ်၌ ပါဝင်သော ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမော မြို့နယ်နှင့် မိုင်းလားမြို့ နယ်တို့မှ ကိုယ်စားလှယ်နေရာများ လစ်လပ်ခဲ့သည့်ပြင် ထိုနေရာများကို ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်း မရှိချေ။ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်မှ ဗန်းမော်မြို့နယ်၊ ဖားကန့် မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့တွင် လစ်လပ်ခဲ့သည့် ကိုယ်စားလှယ် နေရာများအတွက် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်တွင် ရှမ်းပြည်နယ်မှ ကိုယ်စားလှယ် ၅၀ ဦးနှင့် ကချင်ပြည်နယ်မှ ၁၅ ဦးတို့သာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိကြသည်။

၂၀၁၁ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ် နေရာအများဆုံး အနိုင်ရခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်တွင်းမှ ကိုယ်စားလှယ် ၄၀ ဦးကို ခေါ်ယူကာ အစိုးရဖွဲ့ခဲ့သည်။ သို့သော် တပ်မတော်သား ကိုယ်စားလှယ်များ၏ အရေအတွက်မှာ ၁၁၀ ဦး ပုံမှန်ရှိနေသည့်အတွက် ၂၀၁၂ ဧပြီ ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ ကာလအထိ ပြည်သူ့လွှတ်တော်တွင်းမှ တပ်မတော်သား ကိုယ်စားလှယ်များ၏အချိုးမှာ ၂၇.၈ ရာခိုင်နှုန်းအထိ ရှိနေခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်ငါးခု ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးကို အစိုးရဖွဲ့ရာတွင် ခေါ်ယူခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလတွင် လစ်လပ်နေရာ ၄၅ နေရာရှိပြီး၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၃၇ နေရာ ဖြည့်တင်း ခဲ့သဖြင့် လစ်လပ်နေရာ ၈ နေရာကျန်ရှိ နေသေးသည်။

## ၂.၁.၁။ ပြည်သူ့လွှတ်တော်၌ ပါတီများ ပါဝင်မှု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၁ ခုနှစ် ပြည်သူ့လွှတ်တော်ကို စတင်ဖွဲ့စည်းစဉ်တည်းကပင် လွှတ်တော်ကိုယ်စားလှယ်အများစုပါဝင်သည့် နိုင်ငံရေးပါတီအဖြစ် ရှိနေသည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ အပြီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ် ၂၁၇ ဦး လွှတ်တော်ထဲသို့ ရွေးကောက်ခံခဲ့ရပြီး ထိုပါတီမှ ကိုယ်စားလှယ် ၄၀ ဦး အစိုးရတာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားချိန်အထိ ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာ ၄၄.၈ ရာခိုင်နှုန်းကို ဆက်လက် ထိန်းသိမ်းထားနိုင်ဆဲဖြစ်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင်အထိ ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ဒုတိယအများဆုံးရခဲ့သည့် ပါတီကြီးနှစ်ခုမှာ ကိုယ်စားလှယ် ၁၈ နေရာ ရရှိသည့် ရှမ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ကိုယ်စားလှယ် ၁၂ နေရာ ရရှိသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ ဖြစ်သည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ကိုယ်စားလှယ် ၃၇ နေရာ အနိုင်ရရှိခဲ့ပြီးနောက်၊ ကိုယ်စားလှယ် အရေအတွက် ၈.၅ ရာခိုင်နှုန်းဖြင့် ဒုတိယမြောက် လွှတ်တော်ကိုယ်စားလှယ်အများဆုံး ပါဝင်သည့် ပါတီဖြစ်လာသည်။

## ၂.၁.၂။ ပြည်သူ့လွှတ်တော်၌ ကျား-မ ပါဝင်မှု

ပြည်သူ့လွှတ်တော်တွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် ၁၂ ဦးသာရှိနေသည်။ ၂၀၁၀ ရွေးကောက်ပွဲ အပြီး ရွေးကောက်ခံ အမျိုးသမီးကိုယ်စားလှယ်များ၏ ပါဝင်မှုမှာ ၃.၇ ရာခိုင်နှုန်း သာရှိသည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး လွှတ်တော်တွင်း ဝင်ရောက်လာသဖြင့်အရေအတွက်အားဖြင့် နှစ်ဆတိုးလာခဲ့ကာ၊ ပြည်သူ့လွှတ်တော်၏ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုနိုင်လာသည်။ သို့သော် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦးမှာ အစိုးရတာဝန်ထမ်းဆောင်ရန် လွှတ်တော်မှထွက်ခွာခဲ့သည်။

## ၂.၁.၃။ ပြည်သူ့လွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု

ရွေးကောက်ခံကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော် တစ်ခုလုံး၏ ၆၈.၅ ရာခိုင်နှုန်းသည် ဗမာတိုင်းရင်းသားများ ဖြစ်နေသည်ကို တွေ့ရသည်။ ရှမ်းတိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်များမှာ ၆.၃ ရာခိုင်နှုန်း ဖြင့် ဒုတိယနေရာမှ ရှိနေသည်။ ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၄.၇ ရာခိုင်နှုန်းရှိပြီး၊ ကရင်တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ် ၁.၈ ရာခိုင်နှုန်းရှိသည်။ မွန်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ၁.၆ ရာခိုင်နှုန်းရှိကာ၊ ချင်းတိုင်းရင်းသား ကိုယ်စားလှယ် ၁.၄ ရာခိုင်နှုန်းရှိသည်။

ပြည်သူ့လွှတ်တော်တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသည့် တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦး ရှိရာတွင် တပ်မတော်သား ကိုယ်စားလှယ် ၆၅ ဦး သည် မည်သည့် တိုင်းရင်းသား ဖြစ်ကြောင်း အချက်အလက် မရရှိခဲ့ပါ။ တိုင်းရင်းသားဖြစ်မှုနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိခဲ့သော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အားလုံးတွင် ၁၅ ဦးသာ ဗမာ မဟုတ်သည့် အခြားတိုင်းရင်းသားများဖြစ်သည်။ တပ်မတော်သားလည်းဖြစ် တိုင်းရင်းသားလည်း ဖြစ်သည့် ကိုယ်စားလှယ်များအနက် ၁၀ ဦးမှာ ရခိုင် တိုင်းရင်းသားများဖြစ်ပြီး ရှမ်းတိုင်းရင်းသား သုံးဦးနှင့် ကရင်တိုင်းရင်းသားတစ်ဦး၊ မွန်တိုင်းရင်းသားတစ်ဦးစီ ပါဝင်သည်။

လွှတ်တော်တွင်း အကြီးဆုံးပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဗမာမဟုတ်သည့် တိုင်းရင်းသားအရေအတွက် အများဆုံးရှိနေသည့် ပါတီဖြစ်နေပြီး ထို ပါတီကို ကိုယ်စားပြုနေသည့် ကိုယ်စားလှယ် ၅၅ ဦးမှာ ဗမာ မဟုတ်သည့် တိုင်းရင်းသားများဖြစ်သည်။

ရှမ်းအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည်လည်း တိုင်းရင်းသားကိုယ်စားပြုမှု အများဆုံးရှိနေသည့် ပါတီများ ဖြစ်သည်။ ရှမ်းအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ် ၁၅ ဦး လွှတ်တော် တွင်းရှိနေပြီး၊ ရခိုင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ရခိုင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ကိုးဦး လွှတ်တော်တွင်း ရှိနေသည်။ မွန်ဒေသလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် မွန်တိုင်းရင်းသား ကိုယ်စားလှယ်သုံးဦး လွှတ်တော်တွင်း ရှိနေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗမာမဟုတ်သည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ၄ ဦးရှိသည်။

## ၂.၁.၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံး၏ ၈၈.၆ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ပြီး ၅.၅ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ အစ္စလာမ်ဘာသာ ကိုး ကွယ်သူ ၀.၄ ရာခိုင်နှုန်း ပါဝင်သည်။ လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦး၏ ကိုးကွယ်ရာ ဘာသာကို မသိရှိပါ။

## ၂.၁.၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်

လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်များကို ကောက်ယူရာတွင် အလုပ်များကို ယေဘုယျ အမျိုးအစားများခွဲခြားပြီး လေ့လာခဲ့ပါသည်။ ယခု ကောက်ယူထားသော အလုပ်အကိုင်များမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ သမိုင်းကြောင်းတစ်လျှောက်လွှမ်းမိုးမှုအရှိဆုံး အလုပ်အကိုင် ကို ရယူပြီး စာရင်းကောက် ယူခြင်းဖြစ်သည်။

ပြည်သူ့ လွှတ်တော်တွင် အစိုးရဝန်ထမ်း (အစိုးရအရာရှိဟောင်းများအပါအဝင်) အဖြစ်မှ ရောက်ရှိလာသူ ကိုယ်စား

လှယ် ၂၂.၂ ရာခိုင်နှုန်းရှိနေပြီး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်အဖြစ် မှ လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာသူ ၁၆.၁ ရာခိုင်နှုန်း ရှိနေသည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များအတွင်း စစ်ဘက် နောက်ခံသက်သက်မှ ကိုယ်စားလှယ်ဖြစ်လာသူ ၅.၇ ရာခိုင်နှုန်းရှိသည်။ အစိုးရဂန်ထမ်းဟောင်းအဖြစ် သတ်မှတ်ခံရသူများတွင် တစ်ချိန်က စစ်ဘက်တာဂန်များကို ထမ်းဆောင်ခဲ့ပြီးနောက် အစိုးရဂန်ထမ်းအရာရှိတာဂန်သို့ ကူးပြောင်းထမ်းဆောင်ခဲ့သူများလည်း ပါဂင်သည်။ ပညာရေးနယ်ပယ်မှ လွှတ်တော်တွင်း ရောက်ရှိလာသူ ၈.၅ ရာခိုင်နှုန်းရှိပြီး၊ ဥပဒေသမား ၃ ရာခိုင်နှုန်း ပါဂင်သည်။

### ၂.၂.၀။ အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် ၁၂ ဦးစီနှုန်းဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိသည့်အတွက် တိုက်ရိုက်ရွေးကောက်ခံ ကိုယ်စားလှယ် ၁၆၈ ဦးရှိနေသည်။ ပြည်သူ့လွှတ်တော်နှင့် အလားတူပင် အမျိုးသားလွှတ်တော်တွင်လည်း စစ်ဘက်မှ တိုက်ရိုက်ခန့်အပ်ခံရသည့် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဂင်နေသောကြောင့် ရွေးကောက်ခံ ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦး၊ စုစုပေါင်း ၂၂၄ ဦး ပါဂင်ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလကပင် ရွေးကောက်ခံကိုယ်စားလှယ် အပြည့်အဂ ဖြည့်ဆည်းနိုင်ခဲ့သည့် အမျိုးသားလွှတ်တော်အတွင်းမှ အစိုးရအဖွဲ့သို့ ကိုယ်စားလှယ် ၆ ဦးတာဂန်ထမ်းဆောင်ရန် ထွက်ခွာသောကြောင့် လစ်လပ်နေခဲ့သော အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၆ နေရာကို ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် အပြည့်အဂ ပြန်ဖြည့်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသားလွှတ်တော်ရှိ တပ်မတော်သားကိုယ်စားလှယ် အစားထိုးလဲလှယ်မှုတစ်ကြိမ်ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲများနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မြို့ရွာများ ရှိခဲ့သည်။ သို့သော် သတ်မှတ် အမျိုးသား လွှတ်တော် မဲဆန္ဒနယ်များတွင် ထိုမြို့ရွာများကို ချန်လှပ်၍ ရွေးကောက်ပွဲကျင်းပကာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အပြည့်အဂရွေးကောက် တင်မြှောက်နိုင်ခဲ့သည်။

### ၂.၂.၁။ အမျိုးသားလွှတ်တော်၌ ပါတီများ ပါဂင်မှု

၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရွေးကောက်တင်မြှောက်ခံရပြီး သမ္မတအဖြစ် ထပ်မံရွေးကောက်ခံရသည့် ဦးသိန်းစိန်က အစိုးရဖွဲ့သည့်အခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ခြောက်ဦးကို အစိုးရအဖွဲ့သို့ ခေါ်ယူခဲ့သည်။ အခြားမည်သည့်ပါတီမှ အမျိုးသားလွှတ်တော်တွင် ဆယ်ဂဏန်းပြည့်မီသော လွှတ်တော် ကိုယ်စားလှယ် အရေအတွက်မရှိပေ။ အမျိုးသားလွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ် ဒုတိယအများဆုံးပါတီမှာ ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဖြစ်ပြီး ကိုယ်စားလှယ် ၇ နေရာရရှိထားသည်။ ကျန်ပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များအားလုံးပေါင်းလျှင် အမျိုးသားလွှတ်တော်တစ်ခုလုံး၏ ၁၈ရာခိုင်နှုန်းခန့်သာ ရှိကြောင်း တွေ့ရသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် အခင်းအကျင်းသည် သိသိသာသာ ပြောင်းလဲခြင်းမရှိပဲ လစ်လပ်နေရာ ၆ ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄ နေရာ၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ တစ်နေရာစီ ပါဂင်လာကြခြင်းသာ ရှိသည်။

### ၂.၂.၂။ အမျိုးသားလွှတ်တော်၌ ကျား-မ ပါဂင်မှု

၉၇.၃ ရာခိုင်နှုန်းသော ကိုယ်စားလှယ်များမှာ အမျိုးသား များဖြစ်ပြီး၊ ၂.၆ ရာခိုင်နှုန်းဖြစ်သည့် ကိုယ်စားလှယ် ၆ နေရာကိုသာ အမျိုးသမီးကိုယ်စားလှယ်များက ရယူထားနိုင်ခဲ့သည်။ ယင်းတို့အနက် ၅ ဦးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီမှဖြစ်ပြီး၊ တစ်ဦးမှာ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီမှ ဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသမီးကိုယ်စားလှယ်နှစ်ဦးမှာ အစိုးရတာဂန် ထမ်းဆောင်ရန် နုတ်ထွက်သွားသောကြောင့် အမျိုးသား လွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ပါဂင်မှု ၁.၆ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

### ၂.၂.၃။ အမျိုးသားလွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်မှု

အမျိုးသားလွှတ်တော်တွင်လည်း ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၆၂.၁ ရာခိုင်နှုန်းဖြင့် ပါဝင်ပြီး၊ ဗမာမဟုတ်သည့် တိုင်းရင်းသားများထဲတွင် ရခိုင်တိုင်းရင်းသားများ (၆ ရာခိုင်နှုန်း)၊ ကရင် (၅.၅ ရာခိုင်နှုန်း)၊ မွန် (၅.၁ ရာခိုင်နှုန်း) နှင့် ရှမ်းတိုင်းရင်းသား (၄.၇ ရာခိုင်နှုန်း) လွှတ်တော်ကိုယ်စားလှယ်များစသည်ဖြင့် အသီးသီး ရှိကြသည်။ (ကိုယ်စားလှယ်ကိုးဦး၏ တိုင်းရင်းသားဆိုင်ရာ အချက်အလက်များကို မသိရှိပါ။)

လွှတ်တော်တွင်း အင်အားအကြီးဆုံး ပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြုသည့် ကယားရင်းသား လွှတ်တော်ကိုယ်စားလှယ် ကိုးဦး၊ ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် လေးဦးနှင့် မွန်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် သုံးဦး အသီးသီးရှိနေသည်။

### ၂.၂.၄။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး အနက် ၂၀၃ ဦးမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများ ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၈၆.၄ ရာခိုင်နှုန်းပါဝင်နေသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်သည့် လွှတ်တော် ကိုယ်စားလှယ် ၉.၈ ရာခိုင်နှုန်းရှိပြီး၊ အစ္စလာမ်ဘာသာကို ကိုးကွယ်သူ ၀.၄ ရာခိုင်နှုန်းရှိသည်။

### ၂.၂.၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်

အမျိုးသားလွှတ်တော်တွင် စီးပွားရေး လုပ်ငန်းရှင်အဖြစ်မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသူများမှာ အများဆုံး အချိုးအစားဖြင့် ပါဝင်ပြီး လွှတ်တော် တစ်ခုလုံး၏ ၂၁.၇ ရာခိုင်နှုန်းအထိ ရှိနေသည်။ ဒုတိယအများဆုံးမှာ ကိုယ်စားလှယ်နေရာ ၁၉.၆ ရာခိုင်နှုန်းကို ရယူထားသည့် အစိုးရဝန်ထမ်း၊ အရာရှိဟောင်းများ ဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် စစ်ဘက်မှ ကူးပြောင်းလာခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၃.၈ ရာခိုင်နှုန်း ပါဝင်နေသည်။ တကယ့် လက်တွေ့တွင် ၁၉ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များမှာ ယခင်စစ်ဘက် အရာရှိဟောင်းများ ဖြစ်သည်။ ပညာရေးနယ်ပယ်မှလာသော လွှတ်တော် ကိုယ်စားလှယ် ၈.၉ ရာခိုင်နှုန်းရှိနေပြီး၊ ဆေးပညာဘက်နှင့် ဥပဒေပညာဘက်မှလာသော ကိုယ်စားလှယ် ၅.၁ ရာခိုင်နှုန်းနှင့် ၃.၈ ရာခိုင်နှုန်း အသီးသီး ရှိနေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ကိုယ်စားလှယ် ၄.၃ ရာခိုင်နှုန်း ရှိနေသည်။

## အခန်း (၃) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းတင်သွင်းသော မေးခွန်းနှင့် အဆိုများကို လေ့လာခြင်း

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အတွင်း ၂၈ ရက်၊ အဋ္ဌမပုံမှန်အစည်းအဝေးကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၃ နိုဝင်ဘာ လ ၁၄ ရက်နေ့အတွင်း ၂၂ ရက်နှင့် နဝမပုံမှန်အစည်း အဝေးကို ၂၀၁၄ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၄ မတ်လ ၂၆ ရက်နေ့အတွင်း ၃၂ ရက် ကျင်းပခဲ့သည်။ ထို့ကြောင့် သတ္တမအကြိမ်မှ နဝမအကြိမ်အထိ ပုံမှန်အစည်းအဝေး ရက်ပေါင်း ၈၂ ရက် ကျင်းပခဲ့ကြောင်း တွေ့ရသည်။ ထိုပုံမှန်အစည်းအဝေး သုံးကြိမ်အတွင်း ကြယ်ပွင့်ပြမေးခွန်းပေါင်း ၅၆၈ ခု မေးမြန်းခဲ့သည့်အတွက် ထိုကာလအတွင်း ပျမ်းမျှတစ်ရက် မေးခွန်း ၇ ခု မေးမြန်းခဲ့ခြင်းဖြစ်သည်။

မေးခွန်းပေါင်း ၅၆၈ ခုအနက် သတ္တမအကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၄၄ ခု အဋ္ဌမအကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၉၂ ခုနှင့် နဝမအကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၁၃ ခုမေးမြန်းခဲ့သည်။

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အတွင်း ပြည်သူ့လွှတ်တော်တွင် ပျမ်းမျှတစ်ရက်မေးခွန်း ၄.၈ ခု မေးမြန်း နိုင်ခဲ့သည်။ ထို့ကြောင့် ပထမအကြိမ်မှ နဝမအကြိမ်အထိ ပြည်သူ့လွှတ်တော်၏ ပျမ်းမျှတစ်ရက် မေးခွန်းမေးမြန်းနိုင်မှုမှာ ၅.၄ ခု ဖြစ်သည်။

| ပုံမှန်အစည်းအဝေး | မေးခွန်းအရေအတွက် |
|---|---|
| သတ္တမပုံမှန်အစည်းအဝေး | ၂၄၄ |
| အဋ္ဌမပုံမှန်အစည်းအဝေး | ၁၃၂ |
| နဝမပုံမှန်အစည်းအဝေး | ၁၉၂ |

*ဇယား ၃.၁။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အလိုက် မေးခွန်းအရေအတွက်။*

လွှတ်တော်အစည်းအဝေး သုံးကြိမ်အတွင်း မေးခွန်းအများဆုံး မေးမြန်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါန်ဆိုင်းဟိန်းနှင့် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးတို့ဖြစ်ပြီး မေးခွန်း ၁၂ ခုစီ မေးမြန်းခဲ့သည်။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးက မေးခွန်း ၁၀ ခုမေးမြန်းခဲ့သည်။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ သဃ်နီးကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ ငွမဲဆန္ဒနယ်မှ ဦးကြည်သာနှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးတို့က မေးခွန်း ၉ ခုစီ မေးမြန်းခဲ့ ကြသည်။

| လွှတ်တော် ကိုယ်စားလှယ် | မဲဆန္ဒနယ် | မေးခွန်း အရေအတွက် |
|---|---|---|
| ဦးစိုင်းဝေါန်ဆိုင်းဟိန်း | မောက်မယ် | ၁၂ |
| ဦးသိန်းထွန်းဦး | အမရပူရ | ၁၂ |
| ဦးသန်းစိုး | သာစည် | ၁၀ |
| ဦးမြင့်ဦး | သနပ်ပင် | ၉ |
| ဦးသိန်းညွန့် | သဃ်နီးကျွန်း | ၉ |
| ဦးကြည်သာ | ငွ | ၉ |
| ဦးမြင့်စိုး | ပျော်ဘွယ် | ၉ |

*ဇယား ၃.၂။ သတ္တမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ မေးခွန်းအများဆုံးမေးမြန်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ။*

အစည်းအဝေးသုံးကြိမ်အတွင်း အဆိုပေါင်း ၁၂ ခု တင်သွင်းခဲ့ပြီး အစည်းအဝေးရက်ပေါင်း ၈၂ ရှိသည့်အတွက် အစည်းအဝေးခုနှစ်ရက်တွင် အဆိုတစ်ခုနှုန်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ တစ်ရက်လျှင် အဆို ၀.၁၄ ခုနှုန်း တင်သွင်းနိုင်ခြင်းဖြစ်သည်။ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အတွင်း ပြည်သူ့လွှတ်တော်၏ ပျမ်းမျှ တစ်ရက်အဆို တင်သွင်းနိုင်မှုမှာ ၀.၆၅ ခုနှုန်း ဖြစ်သည်။ ထို့ကြောင့် ပထမအကြိမ်မှ နဝမအကြိမ်အထိ ပြည်သူ့လွှတ်တော်၏ ပျမ်းမျှ တစ်ရက် အဆိုတင်သွင်းနိုင်မှုမှာ ၀.၅ ခုနှုန်းရှိသည်။ အစည်း

အဝေး ကျင်းပရက် ၈၂ ရက်အနက်အနက် အဆိုတင်သွင်းမှု ပြုလုပ်ခဲ့သည့် နေ့ရက် ပေါင်း ၁၀ ရက် ရှိခဲ့သည်။

| ပုံမှန်အစည်းအဝေး | အဆိုအရေအတွက် |
|---|---|
| သတ္တမပုံမှန်အစည်းအဝေး | ၂ |
| အဋ္ဌမပုံမှန်အစည်းအဝေး | ၉ |
| နဝမပုံမှန်အစည်းအဝေး | ၁ |

*ဇယား ၃.၃။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အလိုက် အဆိုအရေအတွက်။*

သဃ်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်နှင့် ဒဂုံ မြို့သစ် မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့သည် အဆိုနှစ်ခုစီ တင်သွင်းခဲ့ပြီး သုံးကြိမ်အတွင်း အဆိုအများဆုံး တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။

အဆို တစ်ခုစီ တင်သွင်းခဲ့သည့် လွှတ်တော် ကိုယ်စားလှယ် ရှစ်ဦးရှိခဲ့သည်။ ၎င်းတို့မှာ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၊ မင်းတပ် မဲဆန္ဒနယ်မှ ဦးထန်လိန်း၊ အလုံ မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်၊ ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်၊ ချောက်မဲဆန္ဒနယ်မှဦးသိန်းလွင်နှင့် လောင်းလုံ မဲဆန္ဒနယ်မှ ဦးအောင်စိုးတို့ ဖြစ်သည်။

| လွှတ်တော် ကိုယ်စားလှယ် | မဲဆန္ဒနယ် | အဆို အရေအတွက် |
|---|---|---|
| ဦးသိန်းညွန့် | သဃ်န်းကျွန်း | ၂ |
| ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်(မြောက်) | ၂ |
| ဦးအောင်စိုး | လောင်းလုံ | ၁ |
| ဦးအောင်ဇင် | ပုဇွန်တောင် | ၁ |
| ဦးထန်လိန်း | မင်းတပ် | ၁ |
| ဦးခိုင်မောင်ရည် | အလုံ | ၁ |
| ဦးမျိုးဆွေ | တနိုင်း | ၁ |
| ဦးမျိုးသန့် | ရေတာရှည် | ၁ |
| ဦးသိန်းလွင် | ချောက် | ၁ |
| ဒေါ်ခင်စောဝေ | ရသေ့တောင် | ၁ |

*ဇယား ၃.၄။ သတ္တမပုံမှန်အစည်းအဝေးမှ နဝမ ပုံမှန် အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆို တင်သွင်းမှု။*

## ၃.၁.၀။ ကြယ်ပွင့်ပြမေးခွန်းများကို လေ့လာခြင်း

အစည်းအဝေးရက်ပေါင်း ၂၈ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၄၄ ခု ကို မေးမြန်းခဲ့သည်။

အစည်းအဝေးရက်ပေါင်း ၂၂ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့အတွင်း ကျင်းပခဲ့သည့် အဋ္ဌမပုံမှန် အစည်း အဝေးတွင် မေးခွန်းပေါင်း ၁၃၂ ခုမေးမြန်းခဲ့သည်။ အစည်း အဝေးရက်ပေါင်း ၃၂ ရက်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ ၂၀ ရက်နေ့ အတွင်းကျင်းပခဲ့သည့် နဝမပုံမှန်အစည်းအဝေးတွင် မေးခွန်း ပေါင်း ၁၉၂ ခုမေးမြန်းခဲ့သည်။

မေးခွန်း ၁၀ ခုမေးမြန်းနိုင်ခဲ့သည့် အစည်းအဝေးရက် ပေါင်း ၂၀ ရှိခဲ့ကြောင်းတွေ့ရပြီး ထိုအထဲမှ ၁၈ ရက်မှာ သတ္တမပုံမှန်အစည်းအဝေးအတွင်း ဖြစ်သည်။ အဋ္ဌမပုံမှန် အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေးတွင် မေးခွန်း ၁၀ ခုမေးမြန်းနိုင်ခဲ့သည့် ရက်တစ်ရက်စီ ပါဝင်လာခဲ့သည်။ အစည်းအဝေးသုံးကြိမ်အတွင်း ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် ၁၆၄ ဦးက မေးမြန်းခဲ့ခြင်း ဖြစ်သည်။ မေးခွန်းကိုးခု မေးမြန်းခဲ့သည့်ရက်ပေါင်း ကိုး ရက်၊ မေးခွန်း ရှစ်ခု မေးမြန်းသည့် ရက်ပေါင်းခုနစ်ရက်၊ မေးခွန်း ခုနစ်ခု မေးမြန်းသည့် ရက်ပေါင်း ၁၁ ရက်ရှိခဲ့ ကြောင်း တွေ့ရသည်။ မေးခွန်းသုံးခုအောက်လျော့ မေးမြန်း ခဲ့သည့်ရက် မရှိခဲ့ပေ။ မေးခွန်း ၅၆၈ ခုအနက် ကော်မတီ များမှ တင်သွင်းသော မေးခွန်းများ မတွေ့ရှိခဲ့ရပေ။

## ၃.၁.၁။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် မေး ခွန်းပေါင်း ၅၆၈ ခုအနက် ၅၁၈ ခုကို အမျိုးသား ကိုယ် စားလှယ်များက မေးမြန်းခဲ့ကြခြင်းဖြစ်ပြီး မေးခွန်း ၅၀ ခုကို အမျိုးသမီးကိုယ်စားလှယ်များ၏ မေးခွန်းခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီးကိုယ်စားလှယ်များသည် မေးခွန်း အားလုံး၏ ၈.၈ ရာခိုင်နှုန်းကို မေးမြန်းနိုင်ခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ်များ၏ ကိုယ် စားပြုမှုရာခိုင်နှုန်းမှာ အကြမ်းအားဖြင့် လွှတ်တော်တစ်ရပ် လုံး၏ ငါးရာခိုင်နှုန်းဖြစ်သည်။ ပထမအကြိမ်မှဆဋ္ဌမအကြိမ် အတွင်း အမျိုးသမီးကိုယ်စားလှယ်များ၏ မေးခွန်း မေးမြန်း

မှုမှာ မေးခွန်းအားလုံး၏ ၆.၁ ရာခိုင်နှုန်း ရှိခဲ့သည်။ ထို့ကြောင့် ပထမအကြိမ်မှ နဝမ အကြိမ်အထိ အမျိုးသမီး ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုမှာ မေးခွန်းအားလုံး၏ ၇.၁ ရာခိုင်နှုန်း ဖြစ်သည်။

## ၃.၁.၂။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း ဗမာတိုင်းရင်းသားများက မေးခွန်းအများဆုံးမေးမြန်းခဲ့ကြပြီး ကြယ်ပွင့်ပြမေးခွန်းပေါင်း ၃၅၉ ခုကို မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ထိုပမာဏသည် သုံးကြိမ်အတွင်းမေးမြန်းခဲ့သည့် မေးခွန်းအားလုံး၏ ၆၃.၂ ရာခိုင်နှုန်းဖြစ်သည်။ ဒုတိယအများဆုံးအဖြစ် ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းပေါင်း ၆၆ ခု မေးမြန်းခဲ့သည်။ ထိုပမာဏသည် မေးခွန်းစုစုပေါင်း၏ ၁၁.၆ ရာခိုင်နှုန်းဖြစ်သည်။ မေးခွန်း အများဆုံးမေးမြန်းသည့် ဗမာတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယအများဆုံး မေးမြန်းခဲ့သည့် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်များထက် မေးခွန်းခြောက်ဆနီးပါး မေးမြန်းခဲ့ကြောင်းတွေ့ရသည်။ ဗမာ၊ ရှမ်း၊ ရခိုင်၊ ချင်း၊ ရဝမ်၊ လေရှီးနှင့် ရှမ်းပအိုဝ်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးသုံးကြိမ်လုံးမေးခွန်းများ မေးမြန်းခဲ့သည်။

| တိုင်းရင်းသား | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ဗမာ | ၁၅၆ | ၈၈ | ၁၁၅ | ၃၅၉ | ၆၃.၂% |
| ရှမ်း | ၂၃ | ၁၆ | ၂၇ | ၆၆ | ၁၁.၆% |
| ရခိုင် | ၁၈ | ၁၂ | ၁၃ | ၄၃ | ၇.၆% |
| နာဂ | ၆ | ၀ | ၅ | ၁၁ | ၁.၉% |
| မွန် | ၃ | ၁ | ၇ | ၁၁ | ၁.၉% |
| လေရှီး | ၄ | ၃ | ၁ | ၈ | ၁.၄% |
| ကရင် | ၅ | ၀ | ၃ | ၈ | ၁.၄% |
| ပအိုဝ် | ၀ | ၂ | ၄ | ၆ | ၁.၁% |
| ရဝမ် | ၄ | ၁ | ၁ | ၆ | ၁.၁% |
| ကချင် | ၄ | ၀ | ၁ | ၅ | ၀.၉% |
| ခူမီးချင်း | ၃ | ၁ | ၀ | ၄ | ၀.၇% |
| ရှမ်း-ဗမာ | ၁ | ၀ | ၂ | ၃ | ၀.၅% |
| ရှမ်း-ပအိုဝ် | ၁ | ၁ | ၁ | ၃ | ၀.၅% |
| ကိုးကန့် | ၂ | ၀ | ၁ | ၃ | ၀.၅% |
| ဓနု | ၃ | ၀ | ၀ | ၃ | ၀.၅% |
| လောဝေါ် | ၁ | ၁ | ၀ | ၂ | ၀.၃% |
| ကယား | ၁ | ၀ | ၁ | ၂ | ၀.၃% |
| လားဟူ | ၀ | ၂ | ၀ | ၂ | ၀.၃% |
| ၀ | ၁ | ၀ | ၀ | ၁ | ၀.၂% |

*ဇယား ၃.၅။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တိုင်းရင်းသားအလိုက် မေးခွန်းမေးမြန်းမှု။*

## ၃.၁.၃။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း

USDP သည် အစည်းအဝေးသုံးကြိမ်အတွင်း မေးခွန်းအများဆုံး မေးမြန်းထားသည့်ပါတီဖြစ်ပြီး မေးခွန်းစုစုပေါင်း၏ ၆၅.၃ ရာခိုင်နှုန်းအထိ မေးမြန်းထားသည်။ NLD ပါတီသည် ဒုတိယအများဆုံး မေးခွန်းမေးနိုင်သည့် ပါတီဖြစ်ပြီး ၇.၄ ရာခိုင်နှုန်းအထိ မေးမြန်းထားသည်။ မေးခွန်း အများဆုံးပါတီနှင့် ဒုတိယအများဆုံးပါတီအကြား ကိုးဆကျော်ကွာခြားကြောင်း တွေ့ရသည်။ SNDP သည် မေးခွန်းပေါင်း ၃၄ ခု (၆ ရာခိုင်နှုန်း)ကို မေးမြန်းထားပြီး၊ RNDP သည် မေး

ခွန်းပေါင်း ၂၄ ခု (၄.၂ ရာခိုင်နှုန်း) မေးမြန်းထားသည်။ မေးခွန်းမေးမြန်းမှု အများဆုံးပါတီရှစ်ခုဖြစ်သော USDP၊NLD၊ SNDP၊ RNDP၊ NUP၊ NDF၊ NNDP၊ MDPနှင့်CNP တို့မှအပ အခြားပါတီများမှ သုံးကြိမ်လုံးတွင် မေးခွန်းမေးမြန်းမှုမတွေ့ရချေ။

| ပါတီ | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | ပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| USDP | ၁၆၃ | ၈၇ | ၁၂၁ | ၃၇၁ | ၆၅.၃% |
| NLD | ၁၂ | ၁၁ | ၁၉ | ၄၂ | ၇.၄% |
| SNDP | ၁၄ | ၈ | ၁၂ | ၃၄ | ၆% |
| RNDP | ၁၁ | ၆ | ၇ | ၂၄ | ၄.၂% |
| NUP | ၁၁ | ၅ | ၆ | ၂၂ | ၃.၉% |
| NDF | ၁၁ | ၅ | ၅ | ၂၁ | ၃.၇% |
| NNDP | ၃ | ၂ | ၄ | ၉ | ၁.၆% |
| CDP | ၅ | ၂ | ၀ | ၇ | ၁.၄% |
| MDP | ၁ | ၁ | ၅ | ၇ | ၁.၂% |
| တစ်သီးပုဂ္ဂလ | ၃ | ၀ | ၃ | ၆ | ၁.၁% |
| PNO | ၀ | ၂ | ၄ | ၆ | ၁.၁% |
| UDP | ၄ | ၀ | ၁ | ၅ | ၀.၉% |
| CNP | ၁ | ၂ | ၁ | ၄ | ၀.၇% |
| PDP | ၂ | ၀ | ၂ | ၄ | ၀.၇% |
| WDP | ၃ | ၀ | ၀ | ၃ | ၀.၅% |
| INDP | ၀ | ၁ | ၂ | ၃ | ၀.၅% |

*ဇယား၃.၆။ သတ္တမအကြိမ်မှနဝမအကြိမ်အတွင်း ပါတီအလိုက်မေးခွန်းမေးမြန်းမှု။*

### ၃.၁.၄။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း

| တိုင်းဒေသကြီး/ပြည်နယ် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ရှမ်း | ၃၆ | ၁၇ | ၃၆ | ၈၉ | ၁၅.၇% |
| ရန်ကုန် | ၄၀ | ၁၇ | ၂၆ | ၈၃ | ၁၄.၆% |
| စစ်ကိုင်း | ၃၄ | ၁၈ | ၂၈ | ၈၀ | ၁၄.၁% |
| မန္တလေး | ၂၄ | ၁၉ | ၂၈ | ၇၁ | ၁၂.၅% |
| ပဲခူး | ၂၆ | ၁၈ | ၁၄ | ၅၈ | ၁၀.၂% |
| ရခိုင် | ၁၈ | ၁၂ | ၁၃ | ၄၃ | ၇.၆% |
| မကွေး | ၈ | ၉ | ၁၁ | ၂၈ | ၄.၉% |
| ကချင် | ၁၆ | ၅ | ၆ | ၂၇ | ၄.၈% |
| ဧရာဝတီ | ၁၃ | ၅ | ၆ | ၂၄ | ၄.၂% |
| ချင်း | ၁၀ | ၅ | ၆ | ၂၁ | ၃.၇% |
| တနင်္သာရီ | ၆ | ၂ | ၃ | ၁၁ | ၂.၃% |
| မွန် | ၄ | ၂ | ၅ | ၁၁ | ၂.၃% |
| ကရင် | ၅ | ၂ | ၄ | ၁၁ | ၂.၃% |
| ကယား | ၄ | ၁ | ၄ | ၉ | ၁.၆% |

*ဇယား ၃.၇။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ကိုယ်စားပြုဒေသအလိုက် မေးခွန်းမေးမြန်းမှု*

ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးသုံးကြိမ်အတွင်း မေးခွန်းအများဆုံး မေးမြန်းထားကြောင်းတွေ့ရပြီး ကြယ်ပွင့်ပြမေးခွန်း ၈၉ ခု (မေးခွန်းစုစုပေါင်း၏၁၅.၇ရာခိုင်နှုန်း) မေးမြန်းကြောင်း တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယအများဆုံးမေးမြန်းခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း ၈၃ ခု (၁၄.၇ ရာခိုင်နှုန်း) မေးမြန်းခဲ့သည်။

**၃.၁.၅။ ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း**

| *အကြောင်းအရာ* | *သတ္တမအကြိမ်* | *အဋ္ဌမအကြိမ်* | *နဝမအကြိမ်* | *စုစုပေါင်း* | *ရာခိုင်နှုန်း* |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၆၀ | ၂၄ | ၃၃ | ၁၁၇ | ၂၀.၆% |
| အုပ်ချုပ်ရေး | ၄၆ | ၁၆ | ၁၆ | ၇၈ | ၁၃.၇% |
| ကျန်းမာရေး | ၂၃ | ၁၀ | ၂၅ | ၅၈ | ၁၀.၂% |
| စိုက်ပျိုးရေး | ၁၆ | ၇ | ၁၅ | ၃၈ | ၆.၇% |
| ဝန်ဆောင်မှု | ၁၆ | ၁၂ | ၄ | ၃၂ | ၅.၆% |
| ပညာရေး | ၁၀ | ၁၀ | ၈ | ၂၈ | ၄.၉% |
| စွမ်းအင် | ၆ | ၄ | ၁၅ | ၂၅ | ၄.၄% |
| ပတ်ဝန်းကျင် | ၁၃ | ၅ | ၆ | ၂၄ | ၄.၂% |
| စီးပွားရေး | ၇ | ၄ | ၁၃ | ၂၄ | ၄.၂% |
| လူမှုရေးအထောက်အပံ့ | ၉ | ၆ | ၅ | ၂၀ | ၃.၅% |
| ဖွံ့ဖြိုးတိုးတက်ရေး | ၁၀ | ၃ | ၄ | ၁၇ | ၃.၀% |
| နိုင်ငံသားအခွင့်အရေး | ၀ | ၄ | ၁၃ | ၁၇ | ၃.၀% |
| အခွန်ကောက်ခံမှု | ၆ | ၃ | ၃ | ၁၂ | ၂.၁% |
| ဥပဒေပြုရေး | ၃ | ၁ | ၇ | ၁၁ | ၁.၉% |
| မြေယာအိုးအိမ် | ၁ | ၁ | ၇ | ၉ | ၁.၆% |
| ဘဏ္ဍာရေး | ၁ | ၂ | ၄ | ၇ | ၁.၂% |
| ယဉ်ကျေးမှု | ၃ | ၁ | ၃ | ၇ | ၁.၂% |
| အလုပ်သမားအရေး | ၁ | ၄ | ၁ | ၆ | ၁.၁% |
| အားကစား | ၁ | ၂ | ၃ | ၆ | ၁.၁% |
| မြေယာသိမ်းဆည်းမှု | ၃ | ၂ | ၀ | ၅ | ၀.၉% |
| စက်မှု | ၁ | ၃ | ၁ | ၅ | ၀.၉% |
| ပို့ဆောင်ရေး | ၂ | ၁ | ၂ | ၅ | ၀.၉% |
| ကာကွယ်ရေး | ၃ | ၁ | ၀ | ၄ | ၀.၇% |
| တိုင်းရင်းသားအရေး | ၀ | ၁ | ၂ | ၃ | ၀.၅% |
| နိုင်ငံရေး | ၂ | ၀ | ၁ | ၃ | ၀.၅% |
| ခရီးသွားလုပ်ငန်း | ၀ | ၃ | ၀ | ၃ | ၀.၅% |
| မွေးမြူရေး | ၀ | ၁ | ၀ | ၁ | ၀.၂% |
| တရားစီရင်ရေး | ၁ | ၀ | ၀ | ၁ | ၀.၂% |
| သတ္တုတူးဖော်ရေး | ၀ | ၁ | ၀ | ၁ | ၀.၂% |

*ဇယား ၃.၈။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း အကြောင်းအရာအလိုက် မေးခွန်းမေးမြန်းမှု။ *ခဲရောင်ဖြင့် ပြထားသော အကြောင်းအရာများမှာ အစည်းအဝေး သုံးကြိမ်လုံးတွင် မေးမြန်းခဲ့သော အကြောင်းအရာများ ဖြစ်သည်။*

အစည်းအဝေးသုံးကြိမ်အတွင်း အကြောင်းအရာ ၂၉ ခု ကို ခြုံငုံမိသည့် မေးခွန်းပေါင်း ၅၆၈ ခုကို မေးမြန်းခဲ့ကြောင်း တွေ့ရသည်။ အခြေခံအဆောက်အအုံနှင့် ပတ်သက်သည့်မေးခွန်းပေါင်း ၁၁၇ ခု (မေးခွန်းစုစုပေါင်း ၏ ၂၀.၆

ရာခိုင်နှုန်း) မေးမြန်းခဲ့ပြီး မေးခွန်းမေးမြန်းမှု အများဆုံး အကြောင်းအရာဖြစ်ခဲ့သည်။ ဒုတိယမေးခွန်း မေးမြန်းမှု အများဆုံး အကြောင်းအရာမှာ အုပ်ချုပ်ရေးဖြစ်ပြီး မေးခွန်း ၇၈ (မေးခွန်းစုစုပေါင်း၏ ၁၃.၇ ရာခိုင်နှုန်း) ဖြစ်သည်။ အကြောင်းအရာ ၂၀ မျိုးကို အစည်းအဝေး သုံးကြိမ်လုံးတွင် မေးမြန်းခဲ့ကြောင်းတွေ့ရသည်။ အစည်းအဝေးအကြိမ်တိုင်း တွင်လည်း အခြေခံအဆောက်အအုံနှင့်ပတ်သက်သည့် မေးခွန်းများသည် အများဆုံးဖြစ်ခဲ့ကြောင်း တွေ့ရသည်။

### ၃.၁.၆။ ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာကြည့်ရာ မေးခွန်းပေါင်း ၂၉၉ (မေးခွန်းစုစုပေါင်း၏ ၅၂.၆ ရာခိုင်နှုန်း)မှာ မဲဆန္ဒရှင်များအား ကိုယ်စားပြုရေးအတွက် ရည်ရွယ်သည့် မေးခွန်းများဖြစ်ကြောင်း တွေ့ရသည်။ မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြုရေးနှင့် ပတ်သက်သည့် မေးခွန်းများမှာ အစည်းအဝေး သုံးကြိမ်လုံးတွင် အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ အစိုးရအားစိစစ်ထိန်းကျောင်းရန် ရည်ရွယ်သည့် မေးခွန်းပေါင်း ၂၆၇ ခု (၄၇ ရာခိုင်နှုန်း) ရှိခဲ့သည်။ သုံးကြိမ်လုံးတွင် ဥပဒေပြုရေးအတွက် ရည်ရွယ်သည့် မေးခွန်းနှစ်ခုရှိခဲ့ပြီး အနည်းဆုံး အချိုးအစားဖြစ်သည်။

| ရည်ရွယ်ချက် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အစိုးရအားစိစစ်ထိန်းကျောင်းမှု | ၁၁၆ | ၆၆ | ၈၅ | ၂၆၇ | ၄၇.၀% |
| ကိုယ်စားပြုရေး | ၁၂၇ | ၆၆ | ၁၀၆ | ၂၉၉ | ၅၂.၆% |
| ဥပဒေပြုရေး | ၁ | ၀ | ၁ | ၂ | ၀.၄% |

*ဇယား ၃.၉။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းခဲ့သော မေးခွန်းများ၏ ရည်ရွယ်ချက်။*

### ၃.၁.၇။ ကြယ်ပွင့်ပြမေးခွန်းများအပေါ် တုံ့ပြန်မှုကို လေ့လာခြင်း

အစည်းအဝေး သုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၅၆၈ ခုအပေါ် တုံ့ပြန်မှုများကို လေ့လာကြည့်ရာ ထက်ဝက်နီးပါးဖြစ်သည့် ၄၉.၆ ရာခိုင်နှုန်းမှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများ ဖြစ်ကြောင်း တွေ့ရသည်။ အစည်းအဝေးအကြိမ်တိုင်းတွင်လည်း အပြုသဘောဆောင်သည့် တုံ့ပြန်မှုများမှာ အခြားတုံ့ပြန်မှုထက် ပိုမိုများပြားကြောင်း တွေ့ရသည်။ ဆောင်ရွက်ဆဲဟု ပြန်လည်ဖြေကြားရှင်းလင်းသည့်တုံ့ပြန်မှုမှာ ဒုတိယအများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ရောပြွမ်းတုံ့ပြန်မှုများမှာ အစည်းအဝေး သုံးကြိမ်အတွင်း အနည်းဆုံးဖြစ်ခဲ့သည်။ အဋ္ဌမအကြိမ်တွင်မူ မရှင်းလင်းသည့် တုံ့ပြန်မှု မတွေ့ရချေ။

| တုံ့ပြန်မှု | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အပြုသဘောဆောင် | ၁၁၄ | ၆၃ | ၁၀၅ | ၂၈၂ | ၄၉.၆% |
| ဆောင်ရွက်ဆဲ | ၃၈ | ၄၆ | ၂၈ | ၁၁၂ | ၁၉.၇% |
| ငြင်းဆို | ၅၄ | ၂၀ | ၃၀ | ၁၀၄ | ၁၈.၃% |
| မရှင်းလင်း | ၃၃ | ၀ | ၂၀ | ၅၃ | ၉.၃% |
| ရောပြွမ်း | ၅ | ၃ | ၉ | ၁၇ | ၃.၀% |

*ဇယား ၃.၁၀။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းခဲ့သော မေးခွန်းများအပေါ် တုံ့ပြန်မှု။*

### ၃.၂.၁။ အဆိုများကို လေ့လာခြင်း

အစည်းအဝေးရက်ပေါင်း ၂၈ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အဆိုနှစ်ခုတင်သွင်းခဲ့သည်။

အစည်းအဝေးရက်ပေါင်း ၂၂ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့အတွင်း ကျင်းပခဲ့သည့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆိုကိုးခု တင်သွင်းခဲ့သည်။ အစည်းအဝေးရက်ပေါင်း ၃၂ ရက်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ ၂၀ ရက် နေ့အတွင်း ကျင်းပခဲ့သည့် နဝမပုံမှန်အစည်းအဝေးတွင် အဆိုတစ်ခု တင်သွင်းခဲ့သည်။ အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းသော အဆိုများကို

လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ပုံမှန်အစည်းအဝေး သုံးကြိမ်အတွင်း အစည်းအဝေး ရက်ပေါင်း ၈၂ ရက်ရှိသည့်အနက် အဆိုတင်သွင်းမှု ရှိခဲ့သည့် အစည်းအဝေးရက်ပေါင်းမှာ ၁၀ ရက်ရှိခဲ့သည်။

## ၃.၂.၁။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း

ပုံမှန်အစည်းအဝေးသုံးကြိမ်အတွင်း အဆို ၁၂ ခု တင်သွင်းခဲ့ရာတွင် အမျိုးသမီး ကိုယ်စားလှယ်များက အဆိုနှစ်ခုနှင့် အမျိုးသား ကိုယ်စားလှယ်များက ၁၀ ခု တင်သွင်းခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ကိုယ်စားပြုမှုပမာဏမှာ ၅ ရာခိုင်နှုန်း ရှိနေသည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များသည် ပထမအကြိမ်မှ နဝမအကြိမ်အထိ အဆို ၁၄ ခု တင်သွင်းထားသည်။ ထို့ကြောင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုအရေအတွက်မှာ ၁၆ ခုဖြစ်ပြီး၊ အစည်းအဝေး ကိုးကြိမ်အတွင်း အဆိုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။

## ၃.၂.၂။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းခဲ့သည့် အဆို ၁၃ ခုကို တိုင်းရင်းသားနှစ်မျိုးမှ တင်သွင်းခဲ့ခြင်း ဖြစ်ပြီး ဗမာတိုင်းရင်းသားကိုယ်စားလှယ်များကအများဆုံးဖြစ်သည့် အဆို ၁၁ ခု (၈၄.၆ ရာခိုင်နှုန်း)ကို တင်သွင်းခဲ့ခြင်းဖြစ်သည်။ ရခိုင်တိုင်းရင်းသားနှင့် ချင်းတိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီက အဆိုတစ်ခုစီတင်သွင်းခဲ့သည်။

| တိုင်းရင်းသား | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ဗမာ | ၁ | ၈ | ၁ | ၁၁ | ၈၃.၃% |
| ရခိုင် | ၀ | ၁ | ၀ | ၁ | ၈.၃% |
| ချင်း | ၁ | ၀ | ၀ | ၁ | ၈.၃% |

*ဇယား ၃.၁၁။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု။*

## ၃.၂.၃။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း အဆိုပါ ၁၄ ခု အနက် လေးခုစီကို USDP နှင့် NDF တို့မှ တင်သွင်းခဲ့ခြင်း ဖြစ်ပြီး အစည်းအဝေး သုံးကြိမ်အတွင်း အဆိုအများဆုံး တင်သွင်းခဲ့သည့်ပါတီများဖြစ်သည်။ NNDP ပါတီသည် အဆိုလေးခု တင်သွင်းခဲ့သည်။ ပုံမှန်အစည်း အဝေးသုံးကြိမ် အတွင်း အဆိုတင်သွင်းခဲ့သည့် အခြားပါတီ များမှာ RNDP နှင့် NLD တို့ဖြစ်သည်။ တစ်ကြိမ်စီ တင်သွင်းခဲ့ကြသည်။

| ပါတီ | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| USDP | ၂ | ၂ | ၀ | ၄ | ၃၃.၃% |
| NDF | ၀ | ၄ | ၀ | ၄ | ၃၃.၃% |
| NNDP | ၀ | ၂ | ၀ | ၂ | ၁၆.၇% |
| NLD | ၀ | ၀ | ၁ | ၁ | ၈.၃% |
| RNDP | ၀ | ၁ | ၀ | ၁ | ၈.၃% |

*ဇယား ၃.၁၂။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ကိုယ်စားပြုနိုင်ငံရေးပါတီအလိုက် အဆိုတင်သွင်းမှု။*

## ၃.၂.၄။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းခဲ့သည့် အဆို ၁၂ ခု ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ၇ ခုမှ လွှတ်တော်ကိုယ်စားလှယ်များကတင်သွင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှလွှတ်တော်ကိုယ်စားလှယ်များကတင်သွင်းခဲ့ခြင်းဖြစ်သည်။အဆိုအများစုကို ရန်ကုန်တိုင်းဒေသကြီးမှ လွှတ် တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆို စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းဖြစ်သော အဆိုခြောက်ခု တင်သွင်းခဲ့ကြောင်း တွေ့ရ

သည်။ ကျန်တိုင်းဒေသကြီး/ ပြည်နယ်မှ ကိုယ်စားလှယ်များ က အဆိုတစ်ခုစီ တင်သွင်း ခဲ့ကြသည်။

| တိုင်းဒေသကြီး/ပြည်နယ် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ရန်ကုန် | ၀ | ၆ | ၀ | ၆ | ၅၀% |
| မကွေး | ၀ | ၁ | ၀ | ၁ | ၈.၃% |
| ကချင် | ၁ | ၀ | ၀ | ၁ | ၈.၃% |
| ချင်း | ၁ | ၀ | ၀ | ၁ | ၈.၃% |
| ရခိုင် | ၀ | ၁ | ၀ | ၁ | ၈.၃% |
| ပဲခူး | ၀ | ၁ | ၀ | ၁ | ၈.၃% |
| တနင်္သာရီ | ၀ | ၀ | ၁ | ၁ | ၈.၃% |

*ဇယား ၃.၁၃။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ကိုယ်စားပြုဒေသအလိုက် အဆိုတင်သွင်းမှု။*

### ၃.၂.၅။ အဆိုများ၏ အကြောင်းအရာ/ကဏ္ဍကို လေ့လာခြင်း

အစည်းအဝေး သုံးကြိမ်အတွင်း အဆို ၁၂ ခု တင်သွင်း ခဲ့ရာ၊ တင်သွင်းသည့် အကြောင်းအရာ ၇ မျိုး ရှိခဲ့သည်။ အစည်းအဝေးသုံးကြိမ်ဆက် တင်သွင်းခံရသည့် အကြောင်း အရာမရှိပေ။ သို့သော် အုပ်ချုပ်ရေး ပတ်သက်ပြီး နှစ်ကြိမ် ဆက်တိုက် တင်သွင်းမှုရှိကြောင်း တွေ့ရသည်။ အုပ်ချုပ်ရေး သည် အဆိုအများဆုံး တင်သွင်းခံရသည့် အကြောင်းအရာ ဖြစ်ကြောင်းတွေ့ရသည်။ အဆိုစုစုပေါင်း၏ ၄၁.၇ ရာခိုင်နှုန်း ဖြစ်သော အဆိုငါးခုမှာ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အဆိုများ ဖြစ်သည်။ ဒုတိယအများဆုံး အဆိုတင်သွင်းခံရ သည့် အကြောင်းအရာမှာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး၊ အဆို နှစ်ခု တင်သွင်းခံရသည်။ ကျန်အကြောင်း အရာများဖြစ် သည့် ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် အခွန်ကောက်ခံရေးတို့နှင့် ပတ်သက်ပြီး အဆိုတစ်ကြိမ်စီ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

### ၃.၂.၆။ အဆိုများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းသော အဆို ၁၂ ခု တွင် အများစုဖြစ်သည့် အဆို ၁၀ ခု (အဆို စုစု ပေါင်း ၏ ၈၃.၃% ရာခိုင်နှုန်း)သည် အစိုးရအား စိစစ်ထိန်းကျောင်း ရန် ရည်ရွယ်သည့်အဆိုများဖြစ်ကြောင်း တွေ့ရသည်။ ဥပဒေပြုရေးကို ရည်ရွယ်သည့် အဆို နှစ်ခု (၁၆.၇ ရာခိုင်နှုန်း) တင်သွင်းခဲ့ကြကြောင်းတွေ့ရသည်။ မဲဆန္ဒရှင် ပြည်သူများအား ကိုယ်စားပြုရေးနှင့် ပတ်သက်သည့် အဆို နှစ်ခု ရှိခဲ့ပြီး အဆိုစုစုပေါင်း၏ ၁၆.၇ ရာခိုင်နှုန်း ဖြစ်သည်။

| ရည်ရွယ်ချက် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အစိုးရအားစိစစ်ထိန်းကျောင်းမှု | ၂ | ၇ | ၁ | ၁၀ | ၈၃.၃% |
| ကိုယ်စားပြုရေး | ၀ | ၂ | ၀ | ၂ | ၁၆.၇% |

*ဇယား ၃.၁၄။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တင်သွင်းသောအဆိုများ၏ ရည်ရွယ်ချက်။*

### ၃.၂.၇။ အဆိုများအပေါ် အဆုံးအဖြတ် လေ့လာခြင်း

သတ္တမအကြိမ်မှ နဝမအကြိမ်အထိ တင်သွင်းသော အဆို ၁၂ ခုတွင် ၁၀ ခု (အဆိုစုစုပေါင်း၏ ၈၃.၃ ရာခိုင်နှုန်း) မှာ မှတ်တမ်းတင်ခံခဲ့ရကြောင်း တွေ့ရသည်။ အဆိုနှစ်ခု (၁၆.၇ ရာခိုင်နှုန်း) မှာ အတည်ပြုခံရသည်။ အတည်မပြု သည့်အဆို၊ အဆိုရှင်မှ ပြန်လည် ရုတ်သိမ်းသည့်အဆို၊ ဆွေး နွေးရန် သဘောမတူသည့်အဆို မရှိခဲ့ပေ။

| အဆုံးအဖြတ် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အတည်ပြု | ၂ | ၀ | ၀ | ၂ | ၁၆.၇% |
| မှတ်တမ်းတင် | ၀ | ၉ | ၁ | ၁၀ | ၈၃.၃% |

*ဇယား ၃.၁၅။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တင်သွင်းသောအဆိုများအပေါ် အဆုံးအဖြတ်။*

**၃.၂.၈။ အဆိုများကို ဆွေးနွေးမှုများအား လေ့လာခြင်း**

အစည်းအဝေး သုံးကြိမ်အတွင်း တင်သွင်းသည့် အဆို ၁၃ ခုကိုလွှတ်တော်တွင် တင်သွင်းဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ အဆိုများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးရှိခဲ့သည့်အနက် အများဆုံးဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိန်းညွန့်ဖြစ်ပြီး နှစ်ကြိမ်ဆွေးနွေးခဲ့သည်။ အခြားဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ အမ်းမဲဆန္ဒနယ်မှ ဦးသိန်း ဆွေ၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်၊ မကွေးမဲဆန္ဒ နယ်မှဦးမြင့်သိန်းနှင့် ထန်တလန်မဲဆန္ဒနယ်မှဒေါ်ဇာတလမ်းတို့ ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးပေါင်း ဝင်ရောက်ဆွေးနွေးသည့် အကြိမ်အရေအတွက်မှာ ရှစ်ကြိမ်ဖြစ်သည်။ ဆွေးနွေးမှုကို ရေတွက်ရာတွင် အဆိုတင်သွင်း ခြင်းကို ထောက်ခံဆွေးနွေးခြင်းအား ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

| လွှတ်တော် ကိုယ်စားလှယ် | မဲဆန္ဒနယ် | ဝင်ရောက်ဆွေးနွေးသည့်အဆို အရေအတွက် |
|---|---|---|
| ဦးသိန်းညွန့် | သဃ်န်းကျွန်း | ၂ |
| ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်မြောက်ပိုင်း | ၁ |
| ဦးဝင်းမြင့် | ပုသိမ် | ၁ |
| ဦးသိန်းဆွေ | အမ်း | ၁ |
| ဦးရွှေမောင် | ဘူးသီးတောင် | ၁ |
| ဦးမြင့်သိန်း | မကွေး | ၁ |
| ဒေါ်ဇာတလမ်း | ထန်တလန် | ၁ |

ဇယား၃.၁၆။ သတ္တမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ အဆိုဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များ။

**အခန်း (၄) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး**
**သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းတင်သွင်းသော**
**မေးခွန်းနှင့် အဆိုများကို လေ့လာခြင်း**

အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အတွင်း ၂၈ ရက်၊ အဋ္ဌမပုံမှန်အစည်းအဝေးကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၃ နိုဝင်ဘာ လ ၁၄ ရက်နေ့အတွင်း ၁၈ ရက်နှင့် နဝမပုံမှန်အစည်းအဝေးကို ၂၀၁၄ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၄ မတ်လ ၂၀ ရက်နေ့အတွင်း ၂၄ ရက် ကျင်းပခဲ့သည်။ ထို့ကြောင့် သတ္တမအကြိမ်မှ နဝမအကြိမ်အထိအစည်းအဝေးရက်ပေါင်း ၇၀ ကျင်းပခဲ့ကြောင်း တွေ့ရသည်။ ထိုပုံမှန်အစည်းအဝေး သုံးကြိမ်အတွင်း ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၄၇ ခုမေးမြန်းခဲ့သည့်အတွက် ထိုကာလအတွင်း ပျမ်းမျှတစ်ရက်မေးခွန်း ၃.၅ ခု မေးမြန်းခဲ့ခြင်းဖြစ်သည်။ မေးခွန်းပေါင်း ၂၄၇ ခု အနက် သတ္တမအကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၁၇ခု အဋ္ဌမအကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၅၈ခုနှင့် နဝမ အကြိမ်တွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၇၂ ခုမေးမြန်းခဲ့သည်။ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အတွင်း အမျိုးသားလွှတ်တော်တွင် ပျမ်းမျှတစ်ရက်မေးခွန်း ၃.၂ ခု မေးမြန်းနိုင်ခဲ့သည်။ ထို့ကြောင့် ပထအကြိမ်မှ နဝမအကြိမ်အထိ အမျိုးသားလွှတ်တော်၏ ပျမ်းမျှတစ်ရက် မေးခွန်းမေးမြန်းနိုင်မှုမှာ ၄ ခု ဖြစ်သည်။

| ပုံမှန်အစည်းအဝေး | မေးခွန်းအရေအတွက် |
|---|---|
| သတ္တမပုံမှန်အစည်းအဝေး | ၁၁၇ |
| အဋ္ဌမပုံမှန်အစည်းအဝေး | ၅၈ |
| နဝမပုံမှန်အစည်းအဝေး | ၇၂ |

*ဇယား ၄.၁။ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အလိုက် မေးခွန်းအရေအတွက်။*

လွှတ်တော် အစည်းအဝေး သုံးကြိမ်အတွင်း မေးခွန်းအများဆုံး မေးမြန်းခဲ့သည့် လွှတ်တော်ကိုယ်စား လှယ်မှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးလှဆွေ ဖြစ်ပြီး မေးခွန်း ၁၄ ခု မေးမြန်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က မေးခွန်း ၁၂ ခုမေးမြန်းခဲ့ပြီး ဒုတိယ မေးခွန်းအများဆုံး မေးမြန်းသည့်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

| လွှတ်တော်ကိုယ်စားလှယ် | မဲဆန္ဒနယ် | မေးခွန်း အရေအတွက် |
|---|---|---|
| ဦးလှဆွေ | မကွေး (၁၂) | ၁၄ |
| ဒေါက်တာမြင့်ကြည် | ရန်ကုန် (၈) | ၁၂ |
| ဦးအောင်ငြိမ်း | မကွေး (၂) | ၁၁ |
| ဦးဟာရှိန်းဘွေ | ချင်း (၈) | ၉ |
| ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန် (၄) | ၈ |

*ဇယား ၄.၂။ သတ္တမပုံမှန်အစည်းအဝေးမှ နဝမပုံမှန် အစည်းအဝေးအထိ မေးခွန်းအများဆုံးမေးမြန်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ။*

အစည်းအဝေးသုံးကြိမ်အတွင်း အဆိုပေါင်း ၂၀ ခု ကို တင်သွင်းခဲ့ပြီး အစည်းအဝေးရက်ပေါင်း ၇၀ ရှိသည့် အတွက် သုံးရက်တွင် အဆိုတစ်ခုနှုန်း တင်သွင်းခဲ့ခြင်းဖြစ် ကြောင်း တွေ့ရသည်။ တစ်ရက်လျှင် အဆို ၀.၃ ခုနှုန်း တင်သွင်းနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပထမအကြိမ်မှ နဝမအကြိမ်အထိ အမျိုးသားလွှတ်တော်၏ ပျမ်းမျှတစ်ရက် အဆိုတင်သွင်းနိုင်မှုမှာ ၀.၇ ခုနှုန်းဖြစ်သည်။ အစည်းအဝေး ကျင်းပရက် ၇၀ အနက် အဆိုတင်သွင်းမှုပြုလုပ်ခဲ့သည့် နေ့ရက်ပေါင်း ၁၁ ရက် ရှိခဲ့သည်။ အစည်းအဝေးသုံးကြိမ်အတွင်း အဆို ၁၈ ခုကို လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက တင်သွင်းခဲ့ကြခြင်း ဖြစ်ပြီး၊ အဆိုနှစ်ခုမှာ ကော်မတီမှ တင်သွင်းသည့် အဆိုများ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်သည် အစည်းအဝေးသုံးကြိမ်အတွင်း အဆို ခြောက်ခုတင်သွင်းခဲ့ပြီး သုံးကြိမ်အတွင်း အဆိုအများဆုံးတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က

အဆိုငါးခုတင်သွင်းပြီး ဒုတိယအများဆုံး တင်သွင်းသည့် လွှတ်တော် ကိုယ်စားလှယ် ဖြစ်သည်။

| ပုံမှန်အစည်းအဝေး | အဆိုအရေအတွက် |
|---|---|
| သတ္တမပုံမှန်အစည်းအဝေး | ၁၁ |
| အဋ္ဌမပုံမှန်အစည်းအဝေး | ၉ |
| နဝမပုံမှန်အစည်းအဝေး | ၀ |

*ဇယား ၄.၃။ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အလိုက် အဆိုအရေအတွက်။*

အစည်းအဝေးသုံးကြိမ်အတွင်း အဆို ၁၈ ခုကို လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက တင်သွင်းခဲ့ကြခြင်း ဖြစ်ပြီး၊ အဆိုနှစ်ခုမှာ ကော်မတီမှ တင်သွင်းသည့်အဆိုများ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်သည် အစည်းအဝေးသုံးကြိမ်အတွင်း အဆိုခြောက်ခု တင်သွင်းခဲ့ပြီး သုံးကြိမ်အတွင်း အဆိုအများဆုံးတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့်ကအဆိုငါးခုတင်သွင်းပြီး ဒုတိယအများဆုံး တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

| လွှတ်တော် ကိုယ်စားလှယ် | မဲဆန္ဒနယ် | အဆို အရေအတွက် |
|---|---|---|
| ဒေါက်တာမြင့်ကြည် | ရန်ကုန် (၈) | ၆ |
| ဦးမျိုးမြင့် | မန္တလေး (၆) | ၅ |
| ဦးခင်မောင်ရီ | ဧရာဝတီ (၆) | ၃ |
| ဒေါက်တာခင်ရွှေ | ရန်ကုန် (၉) | ၁ |
| ဦးလှဆွေ | မကွေး (၂) | ၁ |
| ဦးနု | ရန်ကုန် (၁၀) | ၁ |
| ဦးဖေသောင်း | ကချင် (၆) | ၁ |

*ဇယား ၄.၄။ သတ္တမပုံမှန်အစည်းအဝေးမှ နဝမပုံမှန် အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များအဆိုတင်သွင်းမှု။*

### ၄.၁.၀။ ကြယ်ပွင့်ပြမေးခွန်းများကို လေ့လာခြင်း

အစည်းအဝေးရက်ပေါင်း ၂၈ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၁၇ ခုကို မေးမြန်းခဲ့သည်။

အစည်းအဝေးရက်ပေါင်း ၁၈ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့အတွင်း ကျင်းပခဲ့သည့် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးခွန်းပေါင်း ၅၈ ခုမေးမြန်းခဲ့သည်။

အစည်းအဝေးရက်ပေါင်း ၂၄ ရက်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ ၂၀ ရက်နေ့အတွင်း ကျင်းပခဲ့သည့် နဝမပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၇၂ ခုမေးမြန်းခဲ့သည်။ သတ္တမ ပုံမှန်အစည်းအဝေးအတွင်း ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၁ ရက် နေ့တွင် တစ်နေ့အတွင်း မေးခွန်းအများဆုံး မေးမြန်းခဲ့ကြောင်း တွေ့ရပြီး မေးခွန်းပေါင်းကိုးခု မေးမြန်းခဲ့ကြောင်း တွေ့ရသည်။

အစည်းအဝေး သုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် မေးခွန်း ၂၄၇ ခုကို လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးက မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၄၇ ခုအနက် သုံးခုကို လွှတ်တော်ကော်မတီများက မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ပြည်သူတို့၏တိုင်ကြားစာကော်မတီက ကြယ်ပွင့်ပြမေးခွန်း နှစ်ခုနှင့် သတ္တုနှင့်သယံဇာတရေးရာကော်မတီက ကြယ်ပွင့်ပြမေးခွန်းတစ်ခု မေးမြန်းခဲ့သည်။ ကော်မတီများ၏ မေးခွန်းမေးမြန်းမှုများကို နဝမအကြိမ်တွင် ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

### ၄.၁.၁။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း

အစည်းအဝေး သုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် မေးခွန်းပေါင်း ၂၄၇ ခုအနက် သုံးခုကို ကော်မတီများက မေးမြန်းခဲ့ကြခြင်းဖြစ်ပြီး ကျန် ၂၄၄ ခုလုံးကို အမျိုးသား ကိုယ်စားလှယ်များက မေးမြန်းခဲ့ကြခြင်းဖြစ်သည်။ အမျိုးသမီး ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု မတွေ့ရပေ။ အမျိုးသားလွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှု ရာခိုင်နှုန်းမှာ အကြမ်းအားဖြင့် လွှတ်တော်တစ်ရပ်လုံး ၃.၉ ရာခိုင်နှုန်းဖြစ်သည်။ ပထမအကြိမ်မှဆဋ္ဌမအကြိမ်အတွင်း အမျိုးသမီးကိုယ်စားလှယ်များ၏ မေးမြန်းမှုမှာ မေးခွန်းအားလုံး၏ ၁.၆ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ပထမမှနဝမအကြိမ်အထိအမျိုးသမီးကိုယ်စားလှယ်များ၏မေးခွန်းမေးမြန်းမှုမှာ မေးခွန်းအားလုံး၏ ၀.၃ ရာခိုင်နှုန်း ဖြစ်သည်။

### ၄.၁.၂။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း ဗမာတိုင်းရင်းသားများက မေးခွန်းအများဆုံး မေးမြန်းခဲ့ကြပြီး ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၅၇ ခုကို မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ထိုပမာဏသည် သုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် မေးခွန်း အားလုံး၏ ၆၃.၆ ရာခိုင်နှုန်းဖြစ်သည်။ ဒုတိယအများဆုံးအဖြစ် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့ပြီး ကြယ်

ပွင့်ပြမေးခွန်းပေါင်း ၃၈ ခု မေးမြန်းခဲ့သည်။ ထိုပမာဏသည် မေးခွန်းစုစုပေါင်း၏ ၁၅.၄ ရာခိုင်နှုန်းဖြစ်သည်။ မေးခွန်း အများဆုံး မေးမြန်းသည့် ဗမာတိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယအများဆုံးမေးမြန်းခဲ့သည့် ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များထက် မေးခွန်း လေးဆကျော် မေးမြန်းခဲ့ကြောင်း တွေ့ရသည်။ ဗမာ၊ ချင်း၊ ရခိုင် နှင့် ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေး သုံးကြိမ်လုံးတွင် မေးခွန်းများ မေးမြန်း ခဲ့ကြောင်း တွေ့ရသည်။

| တိုင်းရင်းသား | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ဗမာ | ၇၀ | ၄၁ | ၄၆ | ၁၅၇ | ၆၃.၆% |
| ချင်း | ၂၂ | ၈ | ၈ | ၃၈ | ၁၅.၄% |
| ရခိုင် | ၁၁ | ၂ | ၈ | ၂၁ | ၈.၅% |
| ရှမ်း | ၃ | ၄ | ၅ | ၁၂ | ၄.၉% |
| မွန် | ၃ | ၁ | ၀ | ၄ | ၁.၆% |
| ကရင် | ၁ | ၁ | ၀ | ၂ | ၀.၈% |
| ချင်း-ရှမ်း | ၂ | ၀ | ၀ | ၂ | ၀.၈% |
| ပအိုဝ့် | ၁ | ၀ | ၁ | ၂ | ၀.၈% |
| ကယန်း | ၂ | ၀ | ၀ | ၂ | ၀.၈% |
| ယင်းတလဲ | ၁ | ၀ | ၁ | ၂ | ၀.၈% |
| ပလောင် | ၁ | ၀ | ၀ | ၁ | ၀.၄% |
| ဓနု | ၀ | ၁ | ၀ | ၁ | ၀.၄% |
| *မေးခွန်းသုံးခုကို ကော်မတီများမှ မေးမြန်းထားခြင်း ဖြစ်သည်။ | | | | | |

*ဇယား ၄.၅။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တိုင်းရင်းသားအလိုက် မေးခွန်းမေးမြန်းမှု။*

### ၄.၁.၃။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း

USDP သည် အစည်းအဝေး သုံးကြိမ်အတွင်း မေးခွန်း အများဆုံး မေးမြန်းထားသည့် ပါတီဖြစ်ပြီး မေးခွန်း စုစု ပေါင်း၏ ၇၄.၁ ရာခိုင်နှုန်းအထိ မေးမြန်းထားသည်။ RNDP ပါတီသည် ဒုတိယအများဆုံး မေးခွန်းမေးနိုင်သည့် ပါတီဖြစ်ပြီး ၈.၁ ရာခိုင်နှုန်းအထိ မေးမြန်းထားသည်။ မေးခွန်းအများဆုံး ပါတီနှင့် ဒုတိယအများဆုံးပါတီ အကြား ကိုးဆကျော်ကွာခြား နေကြောင်းတွေ့ရသည်။ ချင်းပြည်နယ်အခြေပြုပါတီများ ဖြစ်သည့် CPP သည် မေးခွန်း ၁၁ ခု ဖြင့် တတိယအများဆုံး မေးမြန်းထားသည်။ အခြား ချင်း ပြည်နယ်အခြေပြု ပါတီဖြစ်သည့် CNP သည် မေးခွန်း ၁၀ မေးမြန်းထားကြောင်း တွေ့ရသည်။ မေးခွန်းမေးမြန်းမှု အများဆုံးဖြစ်သည့် ပါတီလေးခုမှလွဲလျှင် အခြား မည်သည့် ပါတီကမှသုံးကြိမ်လုံးတွင် မေးခွန်းမေးမြန်းနိုင်မှုမရှိကြောင်း တွေ့ရသည်။

| ပါတီ | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| USDP | ၉၀ | ၄၆ | ၄၇ | ၁၅၈ | ၇၄.၁% |
| RNDP | ၁၀ | ၂ | ၈ | ၂၀ | ၈.၁% |
| CPP | ၄ | ၃ | ၄ | ၁၁ | ၄.၅% |
| CNP | ၇ | ၂ | ၁ | ၁၀ | ၄ % |
| NLD | ၀ | ၃ | ၆ | ၉ | ၃.၆% |
| SNDP | ၂ | ၀ | ၂ | ၄ | ၁.၆% |
| AMRDP | ၂ | ၁ | ၀ | ၃ | ၁.၂% |
| PNOP | ၁ | ၀ | ၁ | ၂ | ၀.၈% |
| TPNP | ၁ | ၀ | ၀ | ၁ | ၀.၄% |
| KPP | ၀ | ၁ | ၀ | ၁ | ၀.၄% |
| *မေးခွန်းသုံးခုကို ကော်မတီများမှ မေးမြန်းထားခြင်း ဖြစ်သည်။ | | | | | |

*ဇယား ၄.၆။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ပါတီအလိုက်မေးခွန်းမေးမြန်းမှု။*

### ၄.၁.၄။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း

ချင်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ သည် အစည်းအဝေးသုံးကြိမ်အတွင်း မေးခွန်းအများဆုံး မေးမြန်းထားကြောင်းတွေ့ရပြီး ကြယ်ပွင့်ပြမေးခွန်း ၃၈ ခု (မေးခွန်းစုစုပေါင်း၏ ၁၅.၄ ရာခိုင်နှုန်း) မေးမြန်းကြောင်း တွေ့ရသည်။ မကွေးတိုင်းဒေသကြီးမှ လွှတ်တော် ကိုယ်စားလှယ်များက ဒုတိယအများဆုံးမေးမြန်းခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း ၃၇ ခု (၁၅ ရာခိုင်နှုန်း) မေးမြန်းခဲ့သည်။ အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီမှ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးစီဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

| တိုင်းဒေသကြီး/ပြည်နယ် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ချင်း | ၂၂ | ၈ | ၈ | ၃၈ | ၁၅.၄% |
| မကွေး | ၂၂ | ၅ | ၁၀ | ၃၇ | ၁၅% |
| ရန်ကုန် | ၈ | ၁၁ | ၁၆ | ၃၅ | ၁၄.၂% |
| ပဲခူး | ၈ | ၁၄ | ၅ | ၂၇ | ၁၀.၉% |
| ရခိုင် | ၁၁ | ၂ | ၈ | ၂၁ | ၈.၅% |
| မန္တလေး | ၁၃ | ၂ | ၂ | ၁၇ | ၆.၉% |
| ရှမ်း | ၄ | ၄ | ၆ | ၁၄ | ၅.၇% |
| တနင်္သာရီ | ၁၀ | ၁ | ၂ | ၁၃ | ၅.၃% |
| ဧရာဝတီ | ၆ | ၂ | ၃ | ၁၁ | ၄.၅% |
| စစ်ကိုင်း | ၃ | ၃ | ၄ | ၁၀ | ၄% |
| ကယား | ၄ | ၁ | ၁ | ၆ | ၂.၄% |
| ကရင် | ၁ | ၃ | ၁ | ၅ | ၂ % |
| ကချင် | ၁ | ၁ | ၃ | ၅ | ၂ % |
| မွန် | ၄ | ၁ | ၀ | ၅ | ၂% |
| *မေးခွန်းသုံးခုကို ကော်မတီများမှ မေးမြန်းထားခြင်း ဖြစ်သည်။ | | | | | |

*ဇယား ၄.၇။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ကိုယ်စားပြုဒေသအလိုက် မေးခွန်းမေးမြန်းမှု။*

### ၄.၁.၅။ ကြယ်ပွင့်ပြမေးခွန်းများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း

အစည်းအဝေးသုံးကြိမ်အတွင်း အကြောင်းအရာ ၂၀ ခုကို ခြုံငုံမိသည့် မေးခွန်းပေါင်း ၂၄၇ ခုကို မေးမြန်းခဲ့ကြောင်းတွေ့ရသည်။ အခြေခံအဆောက်အအုံနှင့် ပတ်သက်သည့် မေးခွန်းပေါင်း ၆၂ ခု (မေးခွန်းစုစုပေါင်း၏ ၂၅.၁ ရာခိုင်နှုန်း) မေးမြန်းခဲ့ပြီး မေးခွန်းမေးမြန်းမှု အများဆုံး အကြောင်းအရာဖြစ်ခဲ့သည်။ ဒုတိယမေးခွန်းမေးမြန်းမှု အများဆုံး အကြောင်းအရာဖြစ်သည့် ကျန်းမာရေးထက် မေးခွန်းအရေအတွက် သုံးဆနီးပါး ပိုများခဲ့သည့် အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ပတ်ဝန်းကျင်၊ ပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် အလုပ်သမားရေးဟူသည့် အကြောင်းအရာ ကိုးမျိုးကို အစည်းအဝေးသုံးကြိမ်လုံးတွင် မေးမြန်းခဲ့ကြောင်းတွေ့ရသည်။ အစည်းအဝေးအကြိမ်တိုင်းတွင်လည်း အခြေခံအဆောက်အအုံနှင့် ပတ်သက်သည့် မေးခွန်းများသည် အများဆုံးဖြစ်ခဲ့ကြောင်း တွေ့ရသည်။

| အကြောင်းအရာ | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၃၅ | ၁၁ | ၁၆ | ၆၂ | ၂၅.၁% |
| ကျန်းမာရေး | ၁၅ | ၇ | ၄ | ၂၆ | ၁၀.၅% |
| ပညာရေး | ၁၀ | ၁၀ | ၅ | ၂၅ | ၁၀.၁% |
| အုပ်ချုပ်ရေး | ၁၁ | ၄ | ၉ | ၂၄ | ၉.၇% |
| ပို့ဆောင်ရေး | ၉ | ၈ | ၄ | ၂၁ | ၈.၅% |
| ပတ်ဝန်းကျင် | ၇ | ၁ | ၉ | ၁၇ | ၆.၉% |
| စွမ်းအင် | ၅ | ၂ | ၆ | ၁၃ | ၅.၃% |
| စိုက်ပျိုးရေး | ၄ | ၃ | ၂ | ၉ | ၃.၆% |
| စီးပွားရေး | ၄ | ၁ | ၁ | ၆ | ၂.၄% |
| ဖွံ့ဖြိုးတိုးတက်ရေး | ၃ | ၁ | ၁ | ၅ | ၂% |
| ဝန်ဆောင်မှု | ၁ | ၁ | ၃ | ၅ | ၂% |
| ယဉ်ကျေးမှု | ၁ | ၁ | ၂ | ၄ | ၁.၆% |
| ဘဏ္ဍာရေး | ၁ | ၀ | ၃ | ၄ | ၁.၆% |
| အလုပ်သမားရေး | ၁ | ၁ | ၂ | ၄ | ၁.၆% |
| မြေယာသိမ်းဆည်းမှု | ၁ | ၁ | ၀ | ၂ | ၀.၈% |
| စက်မှု | ၁ | ၀ | ၁ | ၂ | ၀.၈% |
| ခရီးသွားလုပ်ငန်း | ၁ | ၀ | ၁ | ၂ | ၀.၈% |
| အခွန်ကောက်ခံရေး | ၀ | ၁ | ၁ | ၂ | ၀.၈% |
| တိုင်းရင်းသားအရေး | ၁ | ၀ | ၀ | ၁ | ၀.၄% |
| သတ္တုတွင်း | ၀ | ၀ | ၁ | ၁ | ၀.၄% |
| *အမည်းဖြင့် ပြထားသော အကြောင်းအရာများမှာ အစည်းအဝေး သုံးကြိမ်လုံးတွင် မေးမြန်းခဲ့သော အကြောင်းအရာများ ဖြစ်သည်။ | | | | | |

*ဇယား ၄.၈။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း အကြောင်းအရာအလိုက် မေးခွန်းမေးမြန်းမှု။*

**၄.၁.၆။ ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း**

| ရည်ရွယ်ချက် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အစိုးရအားစိစစ်ထိန်းကျောင်းမှု | ၁၀၃ | ၁၇ | ၃၀ | ၁၅၀ | ၆၀.၇% |
| ကိုယ်စားပြုရေး | ၁၃ | ၄၁ | ၄၁ | ၉၅ | ၃၈.၅% |
| ဥပဒေပြုရေး | ၁ | ၀ | ၁ | ၂ | ၀.၈% |

*ဇယား ၄.၉။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းခဲ့သော မေးခွန်းများ၏ ရည်ရွယ်ချက်။*

အစည်းအဝေးသုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၏ ရည်ရွယ်ချက်ကို လေ့လာကြည့်ရာ မေးခွန်းပေါင်း ၁၅၀ (မေးခွန်းစုစုပေါင်း၏ ၆၀.၇ ရာခိုင်နှုန်း) မှာ အစိုးရအားစိစစ်ထိန်းကျောင်းရန်ရည်ရွယ်သည့် မေးခွန်းများ ဖြစ်ကြောင်းတွေ့ရသည်။ သတ္တမအကြိမ်တွင် အစိုးရအား စိစစ်ထိန်းကျောင်းသည့် မေးခွန်းများ အများဆုံး ဖြစ်ကြောင်း တွေ့ရသော်လည်း အဋ္ဌမအကြိမ်နှင့် နဝမအကြိမ်တို့တွင် မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြုရေးနှင့်ပတ်သက်သည့် မေးခွန်းများ အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ သုံးကြိမ်လုံးတွင် ဥပဒေပြုရေးအတွက် ရည်ရွယ်သည့် မေးခွန်း နှစ်ခုရှိခဲ့ပြီး အနည်းဆုံး ဖြစ်ခဲ့သည်။

**၄.၁.၇။ ကြယ်ပွင့်ပြမေးခွန်းများအပေါ် တုံ့ပြန်မှုကို လေ့လာခြင်း**

| တုံ့ပြန်မှု | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အပြုသဘောဆောင် | ၅၈ | ၂၀ | ၃၆ | ၁၁၄ | ၄၆.၂% |
| ဆောင်ရွက်ဆဲ | ၂၈ | ၁၅ | ၂၂ | ၆၅ | ၂၆.၃% |
| ငြင်းဆို | ၂၄ | ၁၄ | ၁၀ | ၄၈ | ၁၉.၄% |
| ရောပြွမ်း | ၃ | ၄ | ၄ | ၁၁ | ၄.၅% |
| မရှင်းလင်း | ၄ | ၅ | ၀ | ၉ | ၃.၆% |

*ဇယား ၄.၁၀။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းခဲ့သော မေးခွန်းများအပေါ် တုံ့ပြန်မှု။*

အစည်းအဝေးသုံးကြိမ်အတွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၄၇ ခုအပေါ် တုံ့ပြန်မှုများကို လေ့လာကြည့်ရာ တစ်ဝက်နီးပါးဖြစ်သည့် ၄၆.၂ ရာခိုင်နှုန်းမှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများဖြစ်ကြောင်း တွေ့ရသည်။ အစည်းအဝေးအကြိမ်တိုင်းတွင်လည်း အပြု သဘောဆောင်သည့် တုံ့ပြန်မှုများမှာ အခြားတုံ့ပြန်မှုထက် ပိုမိုများပြားကြောင်း တွေ့ရသည်။ ဆောင်ရွက်ဆဲဟု ပြန်လည်ဖြေကြားရှင်းလင်းသည့် တုံ့ပြန်မှုမှာ လေးပုံတစ်ပုံနှင့် အထက်တွင် ရှိနေခဲ့သည်။ မရှင်းလင်းသည့် တုံ့ပြန်မှုများမှာ အစည်းအဝေးသုံးကြိမ်အတွင်း အနည်းဆုံးဖြစ်ခဲ့သည်။ နဝမအကြိမ်တွင်မူမရှင်းလင်းသည့်တုံ့ပြန်မှုမရှိခဲ့ပေ။

**၄.၂.၀။ အဆိုများကို လေ့လာခြင်း**

အစည်းအဝေးရက်ပေါင်း ၂၈ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးတွင် အဆိုပေါင်း ၁၁ ခု တင်သွင်းခဲ့ သည်။

အစည်းအဝေးရက်ပေါင်း ၁၈ ရက်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့အတွင်း ကျင်းပခဲ့သည့် အဋ္ဌမ ပုံမှန်အစည်းအဝေးတွင် အဆိုကိုးခု တင်သွင်းခဲ့သည်။

အစည်းအဝေးရက်ပေါင်း ၂၄ ရက်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ ၂၀ ရက်နေ့အတွင်း ကျင်းပခဲ့သည့် နဝမပုံမှန်အစည်း အဝေးတွင် အဆိုတစ်ခုမှ တင်သွင်းခြင်း မရှိခဲ့ပေ။

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းခဲ့သည့် အဆိုများကို လွှတ်တော်ကိုယ်စားလှယ် ခုနှစ်ဦးက တင်သွင်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးနှင့် စီးပွားရေးကော်မတီနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတို့ကလည်း အဆိုများ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ပုံမှန်အစည်းအဝေး သုံးကြိမ်အတွင်း အစည်းအဝေးရက်ပေါင်း ၇၀ ရှိသည့်အနက် အဆိုတင်သွင်းမှု ရှိခဲ့သည့် အစည်းအဝေးရက်ပေါင်းမှာ ၁၁ ရက်ရှိခဲ့သည်။

**၄.၂.၁။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း**

ပုံမှန်အစည်းအဝေးသုံးကြိမ်အတွင်း အဆို ၂၀ ခု တင်သွင်းခဲ့ရာတွင် ကော်မတီမှ တင်သွင်းသည့် အဆို နှစ်ခုမှ လွဲလျှင် ကျန်အဆို ၁၈ ခုကို အမျိုးသားကိုယ်စားလှယ်များက တင်သွင်းခဲ့ခြင်းဖြစ်သည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင်း ကိုယ်စားပြုမှု အရေအတွက်မှာ ၃.၉ ရာခိုင်နှုန်း ရှိနေသည်။ ပထမ အကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုမှာ ၄ ရာခိုင်နှုန်း ရှိခဲ့သည်။ ပထမအကြိမ်မှ နဝမအကြိမ်အထိ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုမှာ ၃.၅ ရာခိုင်နှုန်း ဖြစ်လာသည်။

**၄.၂.၂။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း**

| တိုင်းရင်းသား | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ရှမ်း-ဗမာ | ၁ | ၀ | ၀ | ၁ | ၅% |
| ဗမာ | ၁၀ | ၇ | ၀ | ၁၇ | ၈၅% |
| *အဆိုနှစ်ခုကို ကော်မတီမှ တင်သွင်းခဲ့ခြင်းဖြစ်သည်။ | | | | | |

*ဇယား ၄.၁၁။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု။*

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းခဲ့သည့် အဆို ၂၀ ကို တိုင်းရင်းသားနှစ်မျိုးမှ တင်သွင်းခဲ့ခြင်း ဖြစ်ပြီး ဗမာတိုင်းရင်းသားကိုယ်စားလှယ်များက အများဆုံး ဖြစ်သည့် အဆို ၁၇ ခု (၈၅) ရာခိုင်နှုန်းကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ရှမ်း-ဗမာ တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သတ္တမအကြိမ်တွင် အဆိုတစ်ခု တင်သွင်းခဲ့သည်။ ကော်မတီမှ တင်သွင်းသည့် အဆိုနှစ်ခုလုံးကို အဋ္ဌမအကြိမ်တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။ နဝမအကြိမ်တွင် အဆိုတင်သွင်းမှု မရှိခဲ့ပေ။

**၄.၂.၃။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း**

| ပါတီ | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| USDP | ၁၁ | ၇ | ၀ | ၁၈ | ၉၀% |

*ဇယား ၄.၁၂။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ကိုယ်စားပြုနိုင်ငံရေးပါတီအလိုက် အဆိုတင်သွင်းမှု။*

အစည်းအဝေးသုံးကြိမ်အတွင်း အဆို၂၀ခုအနက် ကော်မတီမှ တင်သွင်းသည့် အဆိုနှစ်ခုမှလွဲလျှင် ကျန်အဆို ၁၈ ခုကို USDP ပါတီက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆို ၂၀ (၉၀ ရာခိုင်နှုန်း) ကို USDP ပါတီက တင်သွင်းခဲ့ခြင်း ဖြစ်သည်။

**၄.၂.၄။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသကို လေ့လာခြင်း**

| တိုင်းဒေသကြီး/ပြည်နယ် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ရန်ကုန် | ၆ | ၂ | ၀ | ၈ | ၄၀% |
| မန္တလေး | ၂ | ၃ | ၀ | ၅ | ၂၅% |
| ဧရာဝတီ | ၁ | ၂ | ၀ | ၃ | ၁၅% |
| မကွေး | ၁ | ၀ | ၀ | ၁ | ၅% |
| ကချင် | ၁ | ၀ | ၀ | ၁ | ၅% |

*ဇယား ၄.၁၃။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း ကိုယ်စားပြုဒေသအလိုက် အဆိုတင်သွင်းမှု။*

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းခဲ့သည့် အဆို ၂၀ ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ငါးခုမှ လွှတ်တော်ကိုယ်စားလှယ်များကတင်သွင်းခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုအများစုကို ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းဖြစ်သော အဆိုရှစ်ခု တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက အဆိုငါးခု (အဆိုစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း) ကိုတင်သွင်းခဲ့ပြီး၊ ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက အဆို လေးခု (၁၅ ရာခိုင်နှုန်း) တင်သွင်းခဲ့ကြသည်။

**၄.၂.၅။ အဆိုများ၏ အကြောင်းအရာ/ကဏ္ဍကို လေ့လာခြင်း**

အစည်းအဝေးသုံးကြိမ်အတွင်း အဆိုတင်သွင်း သည့် အကြောင်းအရာ ၁၁ မျိုးရှိခဲ့သည်။ အစည်းအဝေးသုံးကြိမ်ဆက် တင်သွင်းခံရသည့် အကြောင်းအရာမရှိပေ။ သို့သော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး နှစ်ကြိမ်ဆက်တိုက် တင်သွင်းမှုရှိကြောင်း တွေ့ရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အဆိုအများဆုံးတင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အဆိုစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းဖြစ်သော အဆို ငါးခုမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့်အဆိုများ ဖြစ်သည်။ ဒုတိယအများဆုံး အဆိုတင်သွင်းခံရသည့် အကြောင်းအရာမှာ စီးပွားရေးဖြစ်ပြီး၊ အဆိုလေးခုတင်သွင်းခံရသည်။ မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်သော အဆိုနှစ်ခုကို တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ကျန်အကြောင်းအရာ များကို တစ်ကြိမ်စီသာ အဆိုတင်သွင်းမှုရှိခဲ့ကြောင်း တွေ့ရသည်။

| အကြောင်းအရာ/ကဏ္ဍ | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ပတ်ဝန်းကျင် | ၂ | ၃ | ၀ | ၅ | ၂၅% |
| စီးပွားရေး | ၄ | ၀ | ၀ | ၄ | ၂၀% |
| မြေယာသိမ်းဆည်းမှု | ၂ | ၀ | ၀ | ၂ | ၁၀% |
| ကျန်းမာရေး | ၁ | ၀ | ၀ | ၁ | ၅% |
| သတ္တုတွင်း | ၀ | ၁ | ၀ | ၁ | ၅% |
| တရားရေး | ၀ | ၀ | ၁ | ၁ | ၅% |
| အခြေခံအဆောက်အအုံ | ၁ | ၀ | ၀ | ၁ | ၅% |
| အုပ်ချုပ်ရေး | ၁ | ၀ | ၀ | ၁ | ၅% |
| လူ့စွမ်းအားရင်းမြစ် | ၀ | ၁ | ၀ | ၁ | ၅% |
| ပညာရေး | ၀ | ၁ | ၀ | ၁ | ၅% |
| အလုပ်သမားရေး | ၀ | ၁ | ၀ | ၁ | ၅% |

*ဇယား ၄.၁၄။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း အကြောင်းအရာအလိုက် အဆိုတင်သွင်းမှု။*

**၄.၂.၆။ အဆိုများ၏ ရည်ရွယ်ချက်ကို လေ့လာခြင်း**

| ရည်ရွယ်ချက် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အစိုးရအားစိစစ်ထိန်းကျောင်းမှု | ၈ | ၆ | ၀ | ၁၄ | ၇၀% |
| ကိုယ်စားပြုရေး | ၂ | ၀ | ၀ | ၂ | ၁၀% |
| ဥပဒေပြုရေး | ၁ | ၃ | ၀ | ၄ | ၂၀% |

*ဇယား ၄.၁၅။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တင်သွင်းသောအဆိုများ၏ ရည်ရွယ်ချက်။*

အစည်းအဝေးသုံးကြိမ်အတွင်း တင်သွင်းသော အဆို ၂၀ တွင် အများစုဖြစ်သည့် အဆို ၁၄ ခု (အဆို စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်း)သည် အစိုးရအား စိစစ်ထိန်းကျောင်းရန် ရည်ရွယ်သည့် အဆိုများဖြစ်ကြောင်း တွေ့ရသည်။ ဥပဒေပြုရေးကို ရည်ရွယ်သည့် အဆို လေးခု (၂၀ ရာခိုင်နှုန်း) တင်သွင်းခဲ့ကြကြောင်းတွေ့ရသည်။ မဲဆန္ဒ ရှင်ပြည်သူများအား ကိုယ်စားပြုရေးနှင့် ပတ်သက်သည့် အဆိုမှာ နှစ်ခု ရှိခဲ့ပြီး အဆိုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

**၄.၂.၇။ အဆိုများအပေါ် အဆုံးအဖြတ် လေ့လာခြင်း**

| အဆုံးအဖြတ် | သတ္တမအကြိမ် | အဋ္ဌမအကြိမ် | နဝမအကြိမ် | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| အတည်ပြု | ၁၀ | ၆ | ၀ | ၁၆ | ၈၀% |
| မှတ်တမ်းတင် | ၀ | ၂ | ၀ | ၂ | ၁၀% |
| အတည်မပြု | ၀ | ၁ | ၀ | ၁ | ၅% |
| အဆိုရှင်မှရုတ်သိမ်း | ၁ | ၀ | ၀ | ၁ | ၅% |

*ဇယား ၄.၁၆။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း တင်သွင်းသောအဆိုများအပေါ် အဆုံးအဖြတ်။*

သတ္တမအကြိမ်မှနဝမအကြိမ်အထိတင်သွင်းသော အဆို ၂၀ တွင် ၁၆ ခု (အဆိုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်း) မှာ အတည်ပြုခံခဲ့ရကြောင်းတွေ့ရသည်။အဆိုနှစ်ခု (၁၀ရာခိုင်နှုန်း)မှာ မှတ်တမ်းတင်ခံရသည်။ အတည်မပြုသည့် အဆိုနှင့် အဆိုရှင်မှ ပြန်လည်ရုတ်သိမ်းသည့်အဆို တစ်ခုစီ ရှိခဲ့သည်။ အစည်းအဝေးသုံးကြိမ်အတွင်း ဆွေးနွေးရန် လက်မခံသည့်အဆိုမရှိကြောင်း တွေ့ရသည်။

**၄.၂.၈။ အဆိုများကို ဆွေးနွေးမှုများအား လေ့လာခြင်း**

| လွှတ်တော်ကိုယ်စားလှယ် | မဲဆန္ဒနယ် | ဝင်ရောက်ဆွေးနွေးသည့် အဆိုအရေအတွက် |
|---|---|---|
| ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) | ၅ |
| ဒေါက်တာဇော်ညွှန့်ဆောင်း | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) | ၅ |
| ဦးစံပြည့် | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) | ၄ |
| ဦးစောမော်ထွန်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) | ၄ |
| ဦးစိုးမြင့် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) | ၄ |


*ဇယား ၄.၁၇။ သတ္တမအကြိမ်မှ နဝမအကြိမ်အတွင်း အမျိုးသားလွှတ်တော်တွင် အဆိုဆွေးနွေးမှုအများဆုံး ကိုယ်စားလှယ်များ*

အစည်းအဝေး သုံးကြိမ်အတွင်း တင်သွင်းသည့် အဆို ၂၀ ခုအနက် အဆို ၁၈ ခုကိုလွှတ်တော်တွင် တင်သွင်းဆွေးနွေးခဲ့ကြပြီး၊ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးရန် ကျန်ရှိသည့်အဆိုနှစ်ခုကိုလည်း သတ္တမပုံမှန် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဆွေးနွေးသည့် အဆိုများအနက် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးရန် သဘောတူညီခဲ့ပြီး သတ္တမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ ဒေါက်တာဌေးဝင်း တင်သွင်းသည့် အဆိုတစ်ခုဖြစ်သော အခမဲ့ကျန်းမာရေးစနစ်နှင့် ပတ်သက်သည့် အဆိုမှာ ဆွေးနွေးမှု အများဆုံးခံရသည့်အဆိုဖြစ်ခဲ့ပြီး ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး ရှိခဲ့သည်။

အဆိုများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးရှိခဲ့သည့်အနက် အများဆုံး ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ခင်ဝိုင်းကြည်နှင့် ဒေါက်တာဇော်ညွှန့်ဆောင်း (၄ါးခုစီ)နှင့် ဦးစံပြည့်၊ ဦးစောမော်ထွန်း၊ ဦးစိုးမြင့် (လေးခုစီ) တို့ဖြစ်သည်။ သုံးကြိမ်စီ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် လေးဦး၊ နှစ်ကြိမ်စီ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦး၊ တစ်ကြိမ်စီ ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦးရှိသည့်။ လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးဝင်ရောက်ဆွေးနွေးသည့် အကြိမ်ရေမှာ ၉၉ ကြိမ်ရှိခဲ့သည်။

## အခန်း (၅) ပထမအကြိမ်မှ နဝမအကြိမ်အတွင်း မေးမြန်းတင်သွင်းသော ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများကို လေ့လာခြင်း


### ၅.၁.၁။ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးထိ မေးခွန်းမေးမြန်းမှုကို လေ့လာခြင်း




**အစည်းအဝေးတစ်ကြိမ်စီ၏ စုစုပေါင်း မေးခွန်းအရေအတွက်/အစည်းအဝေးကျင်းပရက် = တစ်ရက်ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှု*


ပုံမှန်အစည်းအဝေး ကိုးကြိမ်အတွင်း မေးခွန်းမေးမြန်းမှုများကို လေ့လာကြည့်ရာတွင် ပြည်သူ့လွှတ်တော်သည် တစ်ရက်ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှုတွင် အမျိုးသားလွှတ်တော်ထက် ပိုများနေသည်ကိုတွေ့ရသည်။ သို့သော် လွှတ်တော်နှစ်ရပ်တွင်ပါဝင်သည့် လွှတ်တော် ကိုယ်စားလှယ် အရေအတွက်မှာ တူညီမှုမရှိသဖြင့် အစည်းအဝေး အကြိမ်အလိုက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှုတွင်မူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သည် ပဉ္စမပုံမှန်အစည်းအဝေးအထိ တစ်လှည့်စီ ပိုမိုများပြားနေခဲ့ကြောင်း တွေ့ရကာ၊ ထိုငါးကြိမ်အတွင်း တစ်ကြိမ်ချင်းတွင် လွှတ်တော်တစ်ခုနှင့်တစ်ခု မေးခွန်းအရေအတွက် ကွာခြားမှုကြီးမားကြောင်း တွေ့ရသည်။ သို့သော် ဆဋ္ဌမအကြိမ် နောက်ပိုင်းတွင်မူ လွှတ်တော်နှစ်ရပ်အကြား ကွာဟမှုမှာ ကျဉ်းမြောင်းသွားကြောင်း တွေ့ရသည်။ ဆဋ္ဌမအကြိမ် နောက်ပိုင်းတွင် ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပျမ်းမျှမေးခွန်း မေးမြန်းနိုင်မှုမှာ အမျိုးသားလွှတ်တော်ထက် ပုံမှန်ပိုများလာခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ်အကြား ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှုကွာဟချက် အကြီးမားဆုံးဖြစ်ခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်၏ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှုမှာ ဒုတိယပုံမှန်အစည်းအဝေးတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်တစ်ဦးချင်း ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှုမှာ တတိယ အကြိမ်တွင် အမြင့်ဆုံးဖြစ်ခဲ့သည်။

အစည်းအဝေး ကိုးကြိမ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏
လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်း ပျမ်းမျှမေးခွန်းမေးမြန်းနိုင်မှု





**အစည်းအဝေးတစ်ကြိမ်စီ၏ စုစုပေါင်းမေးခွန်းအရေအတွက်/ကိုယ်စားလှယ်အရေအတွက်= တစ်ရက်ပျမ်းမျှ မေးခွန်းနိုင်မှု*

အစည်းအဝေး ကိုးကြိမ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏
အစည်းအဝေးတစ်ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှု





**အစည်းအဝေးတစ်ကြိမ်စီ၏ စုစုပေါင်းမေးခွန်းအရေအတွက်/ (ကိုယ်စားလှယ်အရေအတွက်*အစည်းအဝေးရက်) = ကိုယ်စားလှယ် တစ်ဦး တစ်ရက်ပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှု*
*(ကိုယ်စားလှယ်အရေအတွက်ကို အမျိုးသားလွှတ်တော်တွင် ၃၃၀ ဦး၊ ပြည်သူ့ လွှတ်တော်တွင် ၄၄၀ ဦးအနေဖြင့် ပုံသေထားတွက်ချက်ထားပါသည်။ အချိန်ကာလအလိုက် ထိုရေအတွက်မှာ အပြောင်းအလဲရှိနိုင်ပါသည်။)*

### ၅.၂.၀။ ပထမပုံမှန်အစည်းအဝေးမှ န၀မပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းမှုများကို လေ့လာခြင်း





**အစည်းအဝေးတစ်ကြိမ်စီ၏ စုစုပေါင်းအဆိုအရေအတွက်/အစည်းအဝေးကျင်းပရက်=တစ်ရက်ပျမ်းမျှ အဆိုတင်သွင်းနိုင်မှု*

ပုံမှန်အစည်းအဝေး ကိုးကြိမ်အတွင်း အဆိုတင်သွင်းမှုများကိုလေ့လာကြည့်ရာ တစ်ရက်ပျမ်းမျှအဆိုတင်သွင်းနိုင်မှုတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ခုအကြား ကွာခြားမှုကို ပဥ္စမအကြိမ်နှင့် သတ္တမ အကြိမ်တွင်သာ သိသိသာသာတွေ့ရပြီး ကျန်ပုံမှန်အစည်းအဝေးများတွင် သိသာသည့် ကွာခြားမှုမရှိကြောင်း တွေ့ရသည်။ သို့သော် လွှတ်တော်နှစ်ရပ်တွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ တူညီမှုမရှိသဖြင့် အစည်းအဝေး အကြိမ်အလိုက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ပျမ်းမျှအဆို တင်သွင်းနိုင်မှုကို လေ့လာကြည့်ရာ ပြည်သူ့လွှတ်တော်သည် ပဥ္စမပုံမှန်အစည်းအဝေးနှင့် န၀မပုံမှန်အစည်းအဝေးများမှလွဲလျှင်ကျန်ပုံမှန်အစည်းအဝေးများတွင် အမျိုးသားလွှတ်တော်ထက် ပုံမှန်ပိုများနေကြောင်း တွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ပျမ်းမျှအဆိုတင်သွင်းနိုင်မှုတွင် လွှတ်တော်နှစ်ရပ်သည် ပဥ္စမ ပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေးတို့မှလွဲလျှင် ကျန်ပုံမှန် အစည်းအဝေးများ၌ သိသာသည့် ကွာခြားမှုမရှိကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် အကြား ပဥ္စမ ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပျမ်းမျှအဆိုတင်သွင်းနိုင်မှုနိုင်မှု ကွာဟချက် အကြီးမားဆုံး ဖြစ်ခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပျမ်းမျှအဆိုတင်သွင်းနိုင်မှုမှာ ပဥ္စမပုံမှန်အစည်းအဝေးတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ပြည်သူ့လွှတ်တော်၏ကိုယ်စားလှယ်တစ်ဦးချင်းပျမ်းမျှ မေးခွန်းမေးမြန်းနိုင်မှုမှာ ပထမပုံမှန်အစည်းအဝေးတွင် အမြင့်ဆုံး ဖြစ်ခဲ့သည်။ ပြည်သူ့လွှတ်တော်၏ တစ်ဦးချင်းပျမ်းမျှ အဆိုတင်သွင်းနိုင်မှုမှာ ပုံမှန်လျော့နည်းလာနေသည်ကို တွေ့ရသည်။




**အစည်းအဝေးတစ်ကြိမ်စီ၏ စုစုပေါင်းအဆိုအရေအတွက်/ကိုယ်စားလှယ်အရေအတွက်=တစ်ရက်ပျမ်းမျှ အဆိုတင်သွင်းနိုင်မှု (ကိုယ်စားလှယ်အရေအတွက်ကို အမျိုးသားလွှတ်တော်တွင် ၃၃၀ ဦး၊ ပြည်သူ့လွှတ်တော်တွင် ၄၄၀ ဦးအနေဖြင့် ပုံသေထား တွက်ချက်ထားပါသည်။ အချိန်ကာလအလိုက် ထိုရေအတွက်မှာ အပြောင်းအလဲရှိနိုင်ပါသည်။)*




**အစည်းအဝေးတစ်ကြိမ်စီ၏ စုစုပေါင်းအဆိုအရေအတွက် / (ကိုယ်စားလှယ်အရေအတွက်*အစည်းအဝေးရက်) = ကိုယ်စားလှယ်တစ်ဦး တစ်ရက်ပျမ်းမျှ အဆိုတင်သွင်းနိုင်မှု*
*(ကိုယ်စားလှယ်အရေအတွက်ကို အမျိုးသားလွှတ်တော်တွင် ၃၃၀ ဦး၊ ပြည်သူ့ လွှတ်တော်တွင် ၄၄၀ ဦးအနေဖြင့် ပုံသေထား တွက်ချက်ထားပါသည်။ အချိန်ကာလအလိုက် ထိုရေအတွက်မှာ အပြောင်းအလဲ ရှိနိုင်ပါသည်။)*

**၅.၃.၁။ ပထမပုံမှန်အစည်းအဝေးမှ န၀မပုံမှန်အစည်းအဝေးထိ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု၊ မေးခွန်းမေးမြန်းမှုများကို လေ့လာခြင်း**

**ပြည်သူ့လွှတ်တော်**တွင် ပထမပုံမှန်အစည်းအဝေးမှ န၀မပုံမှန်အစည်းအဝေးအထိ မေးခွန်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း အရေအတွက်မှာ ၂၄၉ ဦးဖြစ်ပြီး၊ အဆိုတင်သွင်းဖူးသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ ၈၁ ဦးရှိခဲ့သည်။ အဆိုများတွင် ဝင်ရောက်ဆွေးနွေးဖူးသည့် လွှတ်တော် ကိုယ်စားလှယ် ၁၉၇ ဦးရှိခဲ့သည်။ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် အဆိုဆွေးနွေးခြင်းတို့ကို ပြုလုပ်ဖူးသည့် လွှတ်တော်ကိုယ်စားလှယ် ၂၉၁ ဦးရှိခဲ့သည်။

ပြည်သူ့လွှတ်တော်သို့ ရွေးကောက်တင်မြှောက် ခန့်အပ်ခံရဖူးသူ ၅၀၈ ဦးရှိရာ မေးခွန်းမေးမြန်းခြင်း၊ အဆိုမေးမြန်းဆွေးနွေးခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ် ၂၁၇ ဦး ရှိခဲ့ကြောင်းတွေ့ရသည်။

**အမျိုးသားလွှတ်တော်**တွင် ပထမပုံမှန်အစည်းအဝေးမှ န၀မပုံမှန်အစည်းအဝေးအထိ မေးခွန်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း အရေအတွက်မှာ ၁၃၇ ဦးဖြစ်ပြီး၊ အဆိုတင်သွင်းဖူးသည့် လွှတ်တော် ကိုယ်စားလှယ်အရေအတွက်မှာ ၆၂ ဦးရှိခဲ့သည်။ အဆိုများတွင် ဝင်ရောက်ဆွေးနွေးဖူးသည့် လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး ရှိခဲ့သည်။ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် အဆိုဆွေးနွေးခြင်းတို့ကို ပြုလုပ်ဖူးသည့် လွှတ်တော် ကိုယ်စားလှယ် ၁၄၅ ဦးရှိခဲ့သည်။

အမျိုးသားလွှတ်တော်သို့ ရွေးကောက် တင်မြှောက် ခန့်အပ်ခံရဖူးသူ ၂၃၅ ဦးရှိရာ မေးခွန်းမေးမြန်းခြင်း၊ အဆို တင်သွင်းဆွေးနွေးခြင်း မရှိသော လွှတ်တော်ကိုယ်စားလှယ် ၉၀ ဦး ရှိခဲ့ကြောင်း တွေ့ရသည်။

**အခန်း (၆) အကြံပြုချက်များ**

**လွှတ်တော်နှင့် ပတ်သက်၍**

၂၀၁၃ ခုနှစ်တွင် လွှတ်တော်၏ နည်းဥပဒေများ၏ အစိတ်အပိုင်းအချို့ ပြင်ဆင်သတ်မှတ်သည်ကို တွေ့ရှိရပြီး ကြယ်ပွင့်ပြမေးခွန်း၊ အဆိုနှင့် ဥပဒေပြုရေး ဆွေးနွေးမှုစသည့် လွှတ်တော်ဆောင်ရွက်ချက်များတွင် ကိုယ်စားလှယ်များ၏ ပါဝင်နိုင်ခြေကို ချဲ့ထွင်လာနိုင်ကြောင်း တွေ့ရှိရပါသည်။ သိသာသည့်အချက်မှာ တစ်ရက်တာအတွင်း မေးခွန်းများနှင့် အဆိုများ မေးမြန်း၊ တင်သွင်း၊ ဆွေးနွေးမှုများ အရေအတွက်အရ အားကောင်းစွာ တိုးတက်ပြောင်းလဲခဲ့သည်ကို တွေ့ရှိရခြင်း ဖြစ်သည်။ သို့သော် ထည့်သွင်း စဉ်းစားရသည့် အချက်တစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းနှင့် အဆိုများ အရေအတွက်သည် ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးမှုများကဲ့သို့ အချိန်ယူ ကိုင်တွယ်ဆွေးနွေးရသည့် အခြေအနေများနှင့် မတိုက်ဆိုင်ပါက ပို၍ပင်များပြားလာနိုင်သည်ဟု ယူဆရပါသည်။ လွှတ်တော်အင်စတီကျူးရှင်း၏ ယန္တရားကို ပိုမိုချောမွေ့စွာ လည်ပတ်စေနိုင်သည့် နည်းဥပဒေကဲ့သို့ အပြောင်းအလဲများသည် နိုင်ငံသားများအတွက် အကျိုးကျေးဇူး ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုကဲ့သို့ အပြောင်းအလဲများကို လွှတ်တော်အနေဖြင့် ပို၍ ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု ယူဆပါသည်။

ပြည်ထောင်စုအဆင့် လွှတ်တော်များကို တစ်နှစ်တာအတွင်း သုံးကြိမ်ပုံမှန် ကျင်းပသည်ကို တွေ့ရှိရပါသည်။ ထိုသုံးကြိမ်အနက် ပြည်ထောင်စုဘဏ္ဍာငွေရသုံးမှန်းခြေကို တစ်နှစ်တစ်ကြိမ် ဥပဒေပြုနိုင်ရန် ရေးဆွဲရသော လွှတ်တော်ပုံမှန်အစည်းအဝေးကို နှစ်ဦးပိုင်းတွင် ဆောင်ရွက်မြဲဖြစ်ပြီး၊ ထိုဘဏ္ဍာနှစ်လယ် အချိန်ကျရောက်သည့် နှစ်ကုန်ပိုင်းတွင်လည်း ထပ်တိုးဘဏ္ဍာငွေ/ဖြည့်စွက်ရန်ပုံငွေ အတည်ပြုနိုင်ရန် ထပ်မံဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ ယခုထိတွေ့ရှိမှုများအရ ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးမှုများကို အဓိကပြုလုပ်နေရချိန်တွင် လွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်း အဆိုတင်သွင်းဆွေးနွေးမှုများနှင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှုများ ဆောင်ရွက်နိုင်မှု ပမာဏပေါ် သက်ရောက်မှုရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အဆိုများနှင့် ကြယ်ပွင့်ပြမေးခွန်းများ၏ အရေအတွက်ကို များစွာထိခိုက်လျော့ကျစေခြင်း မရှိရန် ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်သည့် လွှတ်တော်ပုံမှန်အစည်းအဝေး အကြိမ်များအား (နိုင်ငံအချို့ရှိ လွှတ်တော်များတွင် ဆောင်ရွက်သကဲ့သို့) ဘဏ္ဍာရေးဆွေးနွေးမှု အကြိမ်များအဖြစ် ရက်အကန့်အသတ်ဖြင့် ပြီးပြတ်အောင် ထိရောက်စွာ ဆောင်ရွက်စေခြင်း၊ ထို့ပြင် ပုံမှန်တင်သွင်းနေကျ အဆိုများ၊ မေးခွန်းများနှင့် ဥပဒေပြုရေး ဆောင်ရွက်ချက်များအတွက် အစည်းအဝေးရက် တိုးချဲ့သတ်မှတ်ခြင်းတို့ကိုပါ ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ အစည်းအဝေးရက် တိုးချဲ့သတ်မှတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နှစ်တာအတွင်း မဲဆန္ဒရှင်ပြည်သူများနှင့် ထိတွေ့ဆောင်ရွက်နိုင်မှုကာလကို မထိခိုက်စေရန်ပါ ဂရုစိုက် ဆောင်ရွက်ရမည်သာ ဖြစ်သည်။

လွှတ်တော်အတွင်း မေးခွန်းများနှင့်အဆိုများ၏ အရေအတွက်များပြားလာခြင်းသည် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့်ပတ်သက်၍ ပိုမိုဆွေးနွေးနိုင်နေ့တိုင်ပင်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ကြယ်ပွင့်ပြမေးခွန်းနှင့် အဆိုဟူသည့် လွှတ်တော်လုပ်ငန်းဆောင်တာ နှစ်ရပ်အနက် မေးခွန်းမှာ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ကော်မတီများမှ မေးမြန်းကာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ဖြေကြားခြင်းဖြစ်ပြီး ရှင်းလင်းသည့် လုပ်ငန်းဆောင်တာ ဖြစ်သည်။ အဆိုမှာမူ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ မတူညီသော အမြင်ရှုထောင့်များကို ဖြစ်ပေါ်စေနိုင်သလို ဥပဒေကြမ်းတင်သွင်းများ၊ ကြယ်ပွင့်ပြမေးခွန်းများလည်း ဆင့်ပွား ဖြစ်ပေါ်လာစေနိုင်ပါသည်။ သို့ဖြစ်၍ အဆိုများကို ဆွေးနွေးမှုအပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဝင်ရောက်ဆွေးနွေးခွင့်ရှိသူအားလုံး၏ ပါဝင်ဆွေးနွေးမှုတိုင်းသည် တန်ဖိုးထားထည့်သွင်းစဉ်းစားရန် လိုအပ်သည်သာ ဖြစ်သည်။ မတူကွဲပြားသော အမြင်ရှုထောင့်များအားလုံးကို ထည့်သွင်းစဉ်းစားနိုင်ခြင်းသည် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် လုံခြုံမှုကို ပိုမိုမြှင့်တင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် လွှတ်တော်မှ အဆိုတင်သွင်းမှုအရေအတွက် မြှင့်တင်ရန်ကိုသာမက အဆိုအတွင်းပါဝင်ဆွေးနွေးသူနှင့် ဆွေးနွေးမှုအကြိမ်ရေကို လျှော့ကျမသွားစေရန်လည်း ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍

နည်းဥပဒေ အပြောင်းအလဲအပါအဝင် လွှတ်တော်အင်စတီကျူးရှင်းဆိုင်ရာ အပြောင်းအလဲများကို ဖော်ဆောင်ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒရှင် ပြည်သူများအား ထိရောက်စွာ ကိုယ်စားပြုနိုင်ရေး အခွင့်အလမ်းများကို ဖန်တီးခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် နည်းဥပဒေများ၏ အပြုသဘောဆောင်သော အပြောင်းအလဲများတွင် တက်ကြွစွာ ဦးဆောင်/ပါဝင်ရန်နှင့်၊ လွှတ်တော်နည်းဥပဒေများ အပြောင်းအလဲကို ကိရိယာတစ်ရပ်အဖြစ် အသုံးပြု၍ လွှတ်တော်အင်စတီကျူးရှင်းအတွင်း မေးခွန်း၊ အဆို၊ ဥပဒေပြုခြင်းနည်းနာများအားဖြင့် ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ကိုယ်စားပြုမှု အရည်အချင်းများကို မြှင့်တင်နိုင်ရန် တိုက်တွန်းလိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည်မည်သည့်နိုင်ငံရေးပါတီနောက်ခံဖြင့်ရွေးကောက်တင်မြှောက်ခံရသည်ဖြစ်စေ၊ မည်သည့်တိုင်းရင်းသားလူမျိုးဖြစ်စေ လွှတ်တော်အတွင်း နေရာရရှိမှု အနည်းအများသည် ကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှုကို ပြဋ္ဌာန်းသည် မဟုတ်ဘဲ လွှတ်တော်အတွင်း တက်ကြွစွာ အားထုတ်ဆောင်ရွက်မှုကသာ မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်သည့် သာဓကအချို့ တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အရေအတွက်နှင့် အင်အားစု ကြီးမားသည်၊ နည်းပါးသည်ကို ပဓာနမထားဘဲ ဒီမိုကရေစီ အလေ့အထနှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုကောင်း ဖြစ်ပေါ်စေရန် ဆက်လက်အားထုတ်သင့်သည်ဟု ယူဆပါသည်။

နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ပတ်သက်၍ ပိုမိုဆွေးနွေး နှီးနှောတိုင်ပင်ရန် အခွင့်အလမ်းကောင်းဖြစ်သည့် ကြယ်ပွင့်ပြမေးခွန်းနှင့် အဆိုများ၏ အရေအတွက်ကို မြင့်မားလာစေသည့် တစ်ချိန်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ မေးမြန်း၊ ဆွေးနွေးမှုများ၏ အရည်အသွေးပိုင်း၌လည်း တိုးတက်မှုရှိရန် လိုအပ်ပါသည်။ ထို့ပြင် နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရည်မျှော်သော လွှတ်တော်ဆောင်ရွက်ချက်များဖြစ်သည့် မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှု၊ အဆိုပါဝင်ဆွေးနွေးမှုများကို အခွင့်အလမ်းကောင်းများအဖြစ် အသုံးပြုရမည်လည်း ဖြစ်ပါသည်။

**မဲဆန္ဒရှင် ပြည်သူများနှင့် ပတ်သက်၍**

လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်မှုသက်တမ်းတစ်ခုပြည့်ရန် များစွာ မလိုတော့သည့် ကာလတစ်ခုသို့ ချဉ်းကပ်လာသည့်အချိန်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့က မဲဆန္ဒနယ် အသီးသီးမှ လွှတ်တော်အရပ်ရပ်သို့ ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို သတင်းမီဒီယာများမှတဆင့် ရှုမြင်ကြားသိရသည်များ ရှိလာနိုင်ပါသည်။ ထို့ပြင် လွှတ်တော်တွင်း လုပ်ငန်းဆောင်တာများကို ဖြည်းဖြည်းချင်း ရင်းနှီးလာနိုင်သည်ဟုလည်း ယူဆရပါသည်။ အချို့သော လွှတ်တော်ဆိုင်ရာ အင်စတီကျူးရှင်း ပြောင်းလဲမှုများ အစပြုချိန်တွင် သက်ဆိုင်ရာကိုယ်စားလှယ်များမှတစ်ဆင့် မိမိတို့ဒေသရပ်ရွာ၊ နိုင်ငံ၏ အကျိုးစီးပွားနှင့် စပ်ယှဉ်သော အရေးကိစ္စများကို အသိပေးခြင်း၊ တိုင်ကြားခြင်း၊ ဆွေးနွေးခြင်းများအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုအလေ့အထကောင်းများ ပေါ်ပေါက်လာစေရန် ပျိုးထောင်သင့်ပါသည်။ ဤနည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှု၊ ဥပဒေပြုမှုနှင့် အစိုးရအား ထိန်းကျောင်းစိစစ်မှု စွမ်းရည်တို့ကို မိမိတို့ကိုယ်တိုင် ပါဝင်ဆန်းစစ်ပြီး နောက်ထပ် သက်တမ်းတစ်ခုတွင် မိမိတို့ဒေသရပ်ရွာ နိုင်ငံအတွက် စွမ်းဆောင်ရည်မြင့်မားသော လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်ကိုပါ သတိရှိနေသင့်ပါသည်။

## ရည်ညွှန်းကိုးကားစာအုပ်များ

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (စတုတ္ထတွဲ)၊ လွှတ်တော်ရုံး။
၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၁၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၁၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၆။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၁၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၈။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၃၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၃၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၃၄။ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၃၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၃၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။

၃၇။ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၃၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၃၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၄၀။ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၄၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၄၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး မှတ်တမ်း (soft copy)၊ လွှတ်တော်ရုံး။
၄၃။ The New Light of Myanmar; dated 25th October, 2011; 17th December, 2011; 7th, 14th January, 2012; 8th February, 2012; 4th July, 2012; 2nd August, 2012; 4th, 9th January, 2013; 13th June, 2013; 2nd August, 2013;
၄၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြန်တမ်း၊ ၄၊ မေ၊ ၂၀၁၂ ခုနှစ်။
၄၅။ မြန်မာ့ရက်စဉ်သမိုင်း (တတိယတွဲ၊ အပိုင်း-၂)၊ သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။